# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၆၇)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

# ကုန်သွယ်မှုလမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုကို ရနိုင်သမျှနည်းလမ်းများဖြင့် တားဆီးထိန်းချုပ်သွားကြရမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❊


**ယနေ့ ဖတ် စ ရာ**

တို့တောင်သူတွေ ဝင်ငွေတိုးဖို့ကော်ဖီ တိုးချဲ့ စိုက်ကြစို့ — ဆောင်းပါး — စာ - ၆

ရန်ကုန် - မြဝတီ လမ်းမကြီး ပေါ်ရှိ ဂျိုင်း(ကော့ကရိတ်) တံတား တည်ဆောက်လျက်ရှိ — ပြည်တွင်းသတင်း — စာ - ၁၁



အဂတိလိုက်စားမှုများကို တိုက်ဖျက်ဖို့ အကျိုးစီးပွား ပဋိပက္ခများ တားဆီးစို့ — ဆောင်းပါး — စာ - ၁၈

မြန်မာ့အလင်း

## ပညာရပ်ဝန်းများ အေးချမ်းကြစေရာ

လူဖြစ်လာသည့်အခါ လောက၏ကောင်းကျိုးကို ဆောင်ရန်၊ အမိ အဖ မိသားစု အဆွေအမျိုးနှင့် မျိုးနွယ်(လူမျိုး)တို့၏ ကောင်းကျိုးကို ဆောင်ရန်နှင့် မိမိကိုယ်တိုင်ကိုလည်း ကောင်းအောင် မြှင့်တင်နိုင်ရန် လိုအပ်သည်။ အများအကျိုး၊ ကိုယ့်အကျိုးကို ဆောင်နိုင်ရန်အတွက် လိုအပ်ချက်တစ်ရပ်မှာ ပညာတတ်ဖို့ဖြစ်သည်။ ပညာသည် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်တို့ကို ဝေဖန်ပိုင်းခြားသိမြင်နိုင်ရန် သင်ကြားရခြင်းဖြစ်ရာ ပညာဉာဏ်အရောင်ဖြင့် လောကကိုအလင်းဆောင်ခြင်းဖြစ်ပြီး ပညာဆိတ်သုဉ်းပါက လောကသည်လည်း မှောင်အတိကျလိမ့်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် အရွယ်ရောက်ပြီးသူများ၏ ပျမ်းမျှပညာရေးအခြေအနေမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအမြင်ဖြင့် ကြည့်မည်ဆိုပါက အားရစရာမရှိဟုပင်ဆိုရမည်။ ပညာရည်နိမ့်ပါးသူတို့မှာ လောကကောင်းကျိုး၊ မိသားစုနှင့် လူမျိုးတို့၏ ကောင်းကျိုးအတွက် ထမ်းရွက်နိုင်ရန် မဆိုထားဘိ မိမိကိုယ်တိုင် ရပ်တည်ရန်ပင် ခက်ခဲပင်ပန်းမည်ဖြစ်သည်။ အတန်းပညာမတတ်သော်ငြားလည်း သူမတူအောင် အားထုတ်ကြိုးပမ်းမှုများကြောင့် လူတစ်လုံး သူတစ်လုံးဘဝဖြင့် ထိပ်တန်းသို့ ရောက်သူများ လောကတွင်မရှိမဟုတ် ရှိပါသော်လည်း လက်ချိုးရေတွက်နိုင်အောင် ရှားပါးလှပြီး အများစုမှာ စားဝတ်နေရေးအတွက် ရုန်းကန်ကြရသည်။ နိုင်ငံသူ နိုင်ငံသားတို့ ပညာမြင့်မားရေး ဆောင်ရွက်ပေးခြင်းသည် ၎င်းတို့တစ်ဦးချင်းစီအတွက် လူမှုဘဝများ မြင့်မားတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချရေးနှင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ပင် ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားရေးတာဝန်များကို ထမ်းဆောင်နေကြသူများမှာ ဆရာ ဆရာမများ ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာ ဆရာမများကို အနန္တော အနန္တငါးပါးတွင် အပါအဝင်အဖြစ်ဖြင့် တန်ဖိုးထားရှိသေလေးစားခဲ့ကြသည်။ လူတိုင်း ငယ်စဉ်ဘဝတွင် သင်ပုန်းကြီးကို ကံ့ကူလက်လှည့် သင်ကြားပေးသည့် ဆရာ ဆရာမများမှ စတင်ကာ အဆင့်ဆင့် သင်ယူခဲ့ရသည့် ပညာခရီးတစ်လျှောက်မှ ဆရာ ဆရာမတို့၏ ကျေးဇူးတရားမှာ ကြီးမားလှသည်။ ကျောင်းသူကျောင်းသားများနှင့် ဆရာ ဆရာမတို့၏အကြားမှ သံယောဇဉ်နှင့် မေတ္တာတရားတို့မှာလည်း ကြီးမားသည်သာပင် ဖြစ်သည်။

မိမိတို့နိုင်ငံ၌ နိုင်ငံရေးမုန်တိုင်းထန်ချိန်တွင် ပညာရေးလောကကိုပါ နိုင်ငံရေး ဝဲဩဃထဲသို့ ဆွဲသွင်းကာ စာသင်ကျောင်းအဆောက်အအုံများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများကိုပါ အကြမ်းဖက်လုပ်ရပ်များအတွက် ပစ်မှတ်များအဖြစ် သတ်မှတ်ခဲ့ကြခြင်းမှာ လွန်စွာစိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် တောင်ပေါ်ဒေသမှ ကလေးငယ်များကို ပညာသင်ကြားပေးနေသည့် ကျောင်းဆရာလူငယ်လေးတစ်ဦး အကြမ်းဖက်သမားတို့၏ ရက်စက်စွာ သတ်ဖြတ်မှုကို ခံခဲ့ရမှုအပေါ် ကြားသိရသူတိုင်း ဝမ်းနည်းကြေကွဲကြရပြီး စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်သူ အရပ်သားများနှင့် ဝန်ထမ်းများကို အကြမ်းဖက်မှုများအား ပြစ်တင်ရှုတ်ချလျက်ရှိကြသည်။

နိုင်ငံတစ်နံတစ်လျား ဒေသအသီးသီးတွင် ဖွင့်လှစ်သင်ကြားနေကြသည့် စာသင်ကျောင်းများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများကိုလည်း အမည်အမျိုးမျိုး ခံထားကြသည့် အကြမ်းဖက်သမားတို့က ခြိမ်းခြောက်နှောင့်ယှက်မှုများကို နေ့စဉ်ပြုလုပ်နေကြသည်။ ပညာသင်ကြားမှုဟူသည် မည်သို့သော အကြောင်းကြောင့်မဆို ရပ်တန့်ထားအပ်သည်မဟုတ်သကဲ့သို့ပင် ပညာသင်ကြားရာ ရပ်ဝန်းများသည်လည်း နိုင်ငံရေး ရည်မှန်းချက်အတွက် ဓားစာခံဖြစ်စေအပ်သည် မဟုတ်ပါကြောင်း။ ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ “အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး” ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မူလတန်းကလေးငယ်များအား စာသင်ကြားပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြကျောင်းဆရာတစ်ဦး သေဆုံးခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရိုင်ပြည်သူ့ဆေးရုံကြီးအား Drone ယာဉ်ဖြင့် လက်လုပ်ဗုံးချိတ်ဆွဲပစ်ချတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်”** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရတနာပုံခေတ် အမျိုးသား/ အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုး ထုတ်ဝေရောင်းချမည်

**နေပြည်တော် ဇွန် ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ရတနာပုံခေတ် အမျိုးသား/အမျိုးသမီး ဝတ်စားဆင်ယင်မှုပုံဖြင့် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် (၂၀၀ ကျပ်တန်) နှစ်မျိုးကို ၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ပုံမှန်ရောင်းချပေးသွားမည် ဖြစ်သည်။




အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇွန် ၂၉ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်၌ နေ့စွဲ အမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- စစ်ဆေးရှာဖွေရာတွင်လည်း သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများအပါအဝင် ကန့်သတ်ကုန်ပစ္စည်းများကိုပါ စနစ်တကျ ရှာဖွေစစ်ဆေးကြရမည်၊ စိုက်ပျိုးရေးကဏ္ဍတွင် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည့် သွင်းအားစုဆိုင်ရာ ကိစ္စရပ်အချို့တွင် ခွင့်ပြုချက်နှင့်အတူ တရားမဝင် မလိုလားအပ်သော အမျိုးအစားဆင်တူ ကုန်အမှတ်တံဆိပ်များ ရောနှောပါဝင်လာမှု မရှိစေရေးကိုလည်း တိကျစွာ စစ်ဆေးဖမ်းဆီးအရေးယူ
- ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နိုင်ငံတော်က ရရှိရန်လိုအပ်၊ လေလံမပစ်မီ ဖမ်းဆီးရမိပစ္စည်းများ ပျက်စီးဆုံးရှုံးသွားလျှင် ဖမ်းဆီးပေးသူများ၏ ကြိုးပမ်းအားထုတ်မှုများ အချည်းနှီးဖြစ်ရသကဲ့သို့ နိုင်ငံဘဏ္ဍာရရှိမှုလည်း လျော့နည်းသွားမည်၊ ထို့ကြောင့် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချ

*ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ဦးဆောင်ကော်မတီအစည်းအဝေးများ ကျင်းပလာခဲ့ရာ ယခုဆိုလျှင် စတုတ္ထအကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် OSS တာဝန်ကျဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများ တိုက်ဖျက်ရာတွင် ပိုမိုကျွမ်းကျင်လာသည်ကို တွေ့ရကြောင်း။

ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်လာစေရန် ပထမအကြိမ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များတွင်လည်း ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်သည်ဟု သိရကြောင်း၊ အဆိုပါသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သွားရန် တိုက်တွန်းလိုကြောင်း။

**ပိုမိုဖမ်းဆီးနိုင်ခဲ့**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုလျှင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ်(၂၁ ဒသမ ၇၇၁)ဘီလီယံရှိသည့်အတွက် ယခင်နှစ် တစ်နှစ်လုံးနှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးရမိခန့်မှန်းတန်ဖိုးငွေကျပ်(၁၃ ဒသမ ၃၁၈)ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း တွေ့ရပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ခန့်မှန်းတန်ဖိုးငွေကျပ်(၅ ဒသမ ၂၃၃)ဘီလီယံ ဖမ်းဆီးရမိခဲ့သော်လည်း မေလတွင် ငွေကျပ်(၃ ဒသမ ၆၃၃)ဘီလီယံသာ ဖမ်းဆီးရမိခဲ့သည့်အတွက် ခန့်မှန်းတန်ဖိုး ငွေကျပ် (၁ ဒသမ ၆)ဘီလီယံလျော့နည်းခဲ့သည်ကို တွေ့ရကြောင်း။

ဖမ်းဆီးရမိလျော့နည်းမှုကို စိစစ်သည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ဖမ်းဆီးရမိမှု ငွေကျပ် (၁) ဘီလီယံကျော် လျော့နည်းခဲ့ကြောင်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ငွေကျပ်(၀ ဒသမ ၇၂၁) ဘီလီယံကျော် လျော့နည်းသည်ကို တွေ့ရပါကြောင်း။

**ထိထိမိမိ တားဆီးစစ်ဆေး**

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများအနေဖြင့် စီမံချက်များအတိုင်း ထိထိမိမိ တားဆီးစစ်ဆေး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သွယ်မှုလမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုကို ရနိုင်သမျှနည်းလမ်းများဖြင့် တားဆီးထိန်းချုပ်သွားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုစတင်ရာနေရာ၊ သိုလှောင်ထားရှိသည့်နေရာများနှင့် တင်သွင်းရောက်ရှိပြီး ဖြန့်ဖြူးရန် သိုလှောင်ထားသည့် နေရာများကိုပါ ပုံမှန်၊ ရှောင်တခင် ဝင်ရောက်စစ်ဆေး အရေးယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလနှင့် ဇွန်လအတွင်း တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်၍ ပါချုန်မြစ်မေးတင် သိုလှောင်ရုံများကို ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည့် ဖြစ်စဉ်သည် နမူနာကောင်းတစ်ခုဖြစ်ကြောင်း၊ ရှာဖွေဆောင်ရွက်မှုနှင့် ဖမ်းဆီးအရေးယူသည့် ဖြစ်စဉ်များတွင် တစ်ဦးချင်းလုံခြုံရေးအပြင် အဖွဲ့အစည်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ အဆောက်အဦပိုင်းဆိုင်ရာနှင့် စက်ပစ္စည်းယန္တရားများ၏ လုံခြုံရေးများကိုလည်း လုံခြုံရေးအသိဖြင့် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူစစ်ဆေးရှာဖွေရာတွင်လည်း သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများအပါအဝင် ကန့်သတ်ကုန်ပစ္စည်းများကိုပါ စနစ်တကျ ရှာဖွေစစ်ဆေးကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည့် သွင်းအားစုဆိုင်ရာ ကိစ္စရပ်အချို့တွင် ခွင့်ပြုချက်နှင့်အတူ တရားမဝင် မလိုလားအပ်သော အမျိုးအစားဆင်တူ ကုန်အမှတ်တံဆိပ်များ ရောနှောပါဝင်လာမှု မရှိစေရေးကိုလည်း တိကျစွာ စစ်ဆေးဖမ်းဆီးအရေးယူသွားကြရမည်ဖြစ်ကြောင်း။

**လေလံတင်ရောင်းချသွားရမည်**

ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နိုင်ငံတော်က ရရှိရန်လိုအပ်ကြောင်း၊ လေလံမပစ်မီ ဖမ်းဆီးရမိပစ္စည်းများ ပျက်စီးဆုံးရှုံးသွားလျှင် ဖမ်းဆီးပေးသူများ၏ ကြိုးပမ်းအားထုတ်မှုများ အချည်းနှီးဖြစ်ရသကဲ့သို့ နိုင်ငံဘဏ္ဍာရရှိမှုလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချသွားရမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိ လိုင်စင်ရှိ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး အပ်နှံဆောင်ရွက်သွားကြရန်နှင့် အမှုများအမြန်ဆုံး ပြီးပြတ်နိုင်အောင်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် ပါဝင်နေသူအားလုံးသည် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး ဖမ်းဆီးအရေးယူရာတွင်လည်း ဥပဒေနှင့်အညီ အားလုံး တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

**ဆွေးနွေးညှိနှိုင်းအဖြေရှာ**

တရားမဝင်ကုန်သွယ်မှုကို တိုက်ဖျက်ရာတွင် သယ်ဆောင်မှုများ၊ သိုလှောင်မှုများကို ဖမ်းဆီးအရေးယူမှုများအပြင် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်အောင် စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်း အဖြေရှာသွားရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်လာရခြင်းတွင် အခြေခံအကြောင်းများစွာရှိရာ အခွန်ရှောင်လွှဲလိုသည့် ရည်ရွယ်ချက်ဖြင့် တင်ပို့၊ တင်သွင်းခြင်းများ၊ တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းများကို၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးအရေးယူရမည်ဖြစ်ကြောင်း၊တရားမဝင်ကုန်သွယ်ခြင်းနှင့် လုပ်ထုံးလုပ်နည်း အားနည်းချက်များကြောင့် တရားမဝင်လမ်းကြောင်းပေါ် ရောက်နေခြင်းများနှင့် စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို ကုန်သည်လုပ်ငန်းရှင်များ၊ ဆက်စပ်ဌာနများနှင့် ပုံမှန်တွေ့ဆုံညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် UMFCCI ကဲ့သို့သော အသင်းအဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးပါလာပြီး ဌာနဆိုင်ရာများနှင့် ကုန်သည်လုပ်ငန်းရှင်များအကြား ပေါင်းကူးချိတ်ဆက်ပြီး တရားမဝင်ကုန်သွယ်မှုလျော့ကျရေးနှင့် တိုက်ဖျက်ရေးတို့တွင် မှန်ကန်သည့် ဆွေးနွေးအဖြေရှာမှုများနှင့် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ဆောင်ရွက်ရာတွင်လည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်နှင့် တားဆီးအရေးယူရာတွင် ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်ပြီး စီးပွားရေးအမြင်၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်များဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၁၇)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု၊ အမိုနီယမ်နိုက်ထရိတ် ဖမ်းဆီးရမိမှု၊ သတင်းအချက်အလက်များရရှိရေး ဆောင်ရွက်မှု၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု နှိုင်းယှဉ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇)သို့ တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်း**

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်လင်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထက်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးမှ လာမည့် ဇူလိုင်လအတွင်း ကြီးမှူးကျင်းပမည့် သက်ကြီးဟာသပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီခွဲက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးခန်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးမှ ဦးဒိန်းဒေါင်နှင့် အစည်းအရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ အစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်က လက်ခံရယူကာ (ဝဲပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုတ်သုံလျှပ်တစ်ပြက် ဖူဆယ်အားကစားပြိုင်ပွဲနှင့် ဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်ရေး၊ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပြင် ဝန်ထမ်းများ၏ စိတ်အပန်းပြေပျော်ရွှင်စေရေး၊ ဝန်ထမ်းတိုင်း မိမိတို့ ဝါသနာပါရာ အားကစားနည်းများဖြင့် ကျန်းမာရေး နှင့် ညီညွတ်သော ကိုယ်လက်လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ ဌာနအချင်းချင်း အကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေးတို့အတွက် ရာသီအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပေးနေခြင်းဖြစ်ကြောင်း ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဖူဆယ်(Futsal) အားကစားရုံ၌ ကျင်းပသည့် မုတ်သုံလျှပ်တစ်ပြက်ဖူဆယ် (Futsal) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။ (ဓာတ်ပုံ)

**တက်ရောက်**

မုတ်သုံလျှပ်တစ်ပြက်ဖူဆယ် (Futsal) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဦးစီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းဖူဆယ် (Futsal) အားကစားအသင်းများ





တက်ရောက်ကြသည်။

**ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေး**

အားကစားပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဦးစီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်းဖူဆယ် (Futsal) အားကစားအသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်**

အလားတူ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များက ဇေယျာသီရိမြို့နယ် အ.ထ.က (၁) အားကစားခန်းမတွင် ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဌာနပေါင်းစုံ အမျိုးသားဘော်လီဘော ပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ဦးစီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်း ဘော်လီဘောအားကစားအသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၆) ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၈**

(၃၆) ကြိမ်မြောက် အာဆီယံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင် များ အစည်းအဝေး (The 36th ASEAN Head of Specialist Anti–Trafficking Unit–HSU) ကို ယနေ့နံနက် ၈ နာရီခွဲတွင် ရုံးအမှတ်(၃၈)၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရုံး အစည်းအဝေးခန်းမ၌ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပ သည်။ (ဓာတ်ပုံ)




**ကိုယ်စားလှယ်များ တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ်များ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့မှ အထူးအဖွဲ့ခေါင်းဆောင် များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ တက်ရောက် သည်။

**အဖွင့်အမှာစကားပြော**

အစည်းအဝေးကို အစီအစဉ် (၉)ရပ်ဖြင့် ကျင်းပရာ သဘာပတိ လူကုန်ကူးမှု တားဆီးနှိမ်နင်း ရေးဆိုင်ရာ အထူးအဖွဲ့ ခေါင်းဆောင် ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် က အဖွင့်အမှာစကား ပြောကြား ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူးက ကိုဗစ်–၁၉ ရောဂါ ကာလအတွင်း မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တိုက်ဖျက်ရေး ကြိုးပမ်း အားထုတ်မှုများကို ရှင်းလင်းဆွေးနွေးရာတွင် မူဝါဒ နှင့် ပူးပေါင်းဆောင်ရွက်ရေး အတွက် အရေးကြီးဆုံးအပိုင်း ဖြစ်သော ၂၀၀၅ ခုနှစ်၌ ပြဋ္ဌာန်း ခဲ့သည့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေကို ခေတ်စနစ် နှင့် လျော်ညီ၍ နိုင်ငံတကာစံနှုန်း များနှင့်အညီဖြစ်စေရေး သက်ဆိုင် ရာ အစိုးရဌာန/ အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေပညာရှင်များနှင့် ညှိနှိုင်း ပြင်ဆင်ရေးဆွဲကာ ကလေး သူငယ်များအပေါ် ကျူးလွန်သည့် လူကုန်ကူးမှုများကို ထိရောက်စွာ အရေးယူနိုင်မည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေအသစ် ကို ယခုနှစ် ဇွန် ၁၆ ရက်တွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ်၊ မတ်လ အတွင်းက Online ဖြင့် ကျင်းပ ခဲ့သည့် (၁၄) ကြိမ်မြောက် COMMIT အဆင့်မြင့်အရာရှိကြီး များ အစည်းအဝေးနှင့် Regional COMMIT Task Force အစည်း အဝေးများတွင် မဲခေါင်ဒေသတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက် ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (COMMIT MOU) ကို ပြန်လည် သုံးသပ်ပြင်ဆင်ရန်၊ အမျိုးသား အဆင့်နှင့် နိုင်ငံဖြတ်ကျော် လွှဲပြောင်းညွှန်းပို့မှု ယန္တရား ရေးဆွဲရန်နှင့် ဒေသခွဲလုပ်ငန်း စီမံချက် (၂၀၁၄–၂၀၁၈) (SPA IV) ကို သက်တမ်းတိုး ဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးချက်များအရ COMMIT MOU ကို နိုင်ငံအဆင့် ပြန်လည် သုံးသပ်ပြင်ဆင်ခဲ့ပြီး COMMIT လူကုန်ကူး ခံရသူများကို လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ အမျိုး သား အဆင့်ယန္တရား/ လုပ်ငန်းစဉ် အဆင့်ဆင့်(NRM) ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အတည်ပြု ရေးဆွဲနိုင်ခဲ့ကာ ယခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပုံနှိပ် ထုတ်ဝေခဲ့ပြီး လိုက်နာဆောင်ရွက် လျက်ရှိကြောင်း ဆွေးနွေးသည်။

**ဆွေးနွေးခဲ့ကြ**

ထို့နောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများက နိုင်ငံအလိုက် လူကုန် ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်း ဆောင်ရွက်မှုများကို လည်းကောင်း၊ HSU လုပ်ငန်း စီမံချက် (၂၀၂၂–၂၀၂၃) (မူကြမ်း) နှင့် ပတ်သက်၍ လည်းကောင်း၊ (၃၇) ကြိမ်မြောက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာ အထူး အဖွဲ့ခေါင်းဆောင်များ အစည်း အဝေးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြား ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်း ငယ်မှ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

## တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက် ရှိရာ ဇွန် ၂၇ ရက်အထိ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၂၂ အုပ်ရှိတောင်သူ ၂၀၉၃ ဦးအား စပါးတစ်ဧကလျှင် တစ်သိန်းငါးသောင်း နှုန်းဖြင့် စပါးဧက ၆၁၇၉ ဧကနှင့် ယာသီးနှံ၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် ဧက ၂၉၉၁ ဧကအတွက် ငွေကျပ် စုစုပေါင်း ၁၂၂၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရ သည်။

အကြွေးဆပ်ရန် ကျန်သေးသည့် တောင်သူများအနေဖြင့်လည်း အမြန်ဆုံးပေးဆပ်ကြရန်နှင့် ပြန်လည်ပေးဆပ်ပြီးပါက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထပ်မံထုတ်ချေးပေးမည်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ် လျှင် ၅ ရာခိုင်နှုန်းသာဖြစ်ကာ စက်တင်ဘာလကုန်အထိ ထုတ်ချေး ပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**



# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကျင်းပ


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၂၈

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ဖိုးဇောင်တောင်(၃)ကြိုးဝိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သတ်မှတ်နေရာတွင် မဟော်ဂနီပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများက ကျွန်းနှင့်တမလန်းပျိုးပင်များကို စိုက်ပျိုးပေးသည်။**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ကျောင်းသား/ ကျောင်းသူများက ပျိုးပင်များကို စိုက်ပျိုးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်းအင်အား ၃၅၀ ဖြင့် အဖိုးတန် သစ်မျိုးများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သင်းဝင်၊ မဟော်ဂနီပျိုးပင်အပါအဝင် ကြီးမြန်သစ်မျိုး ၁၃ မျိုးနှင့် ဝါးမျိုး ၃ မျိုး စုစုပေါင်း ပျိုးပင် ၆၅၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျိုးပင် ၉,၆၆၁,၄၆၇ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခြင်း၊ လူထုဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ဒေသ လုံခြုံရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသ လုံခြုံရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**အလေးထားဆောင်ရွက်**

ရှေးဦးစွာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသ လုံခြုံရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

**အားပေးစကားပြောကြား**

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်သည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၅ ရက် ညပိုင်းအချိန်က အမည်မသိသူ နှစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေနတ်ထိမှန်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည့် ပျဉ်းမနားမြို့နယ် အလယ်ချောင်းကျေးရွာအုပ်စု အလယ်ချောင်း(အောက်)ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မူလတန်းပြဆရာ ဦးနေဝင်းထွန်း၏ နေအိမ်သို့ သွားရောက်၍ မိသားစုဝင်များအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံတွင် သေနတ်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနေသည့် မူလတန်းပြဆရာ ဦးလှိုင်မင်းထွန်းအား သွားရောက်၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လက်ပံတန်းမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**လက်ပံတန်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများသို့ ထုတ်ချေးခဲ့သည့် နှစ်စဉ်ရာသီအလိုက် ချေးငွေများအနက် တောင်သူများ၏ဆန္ဒအလျောက် ချေးယူထားသည့် မည်သည့်ချေးငွေမဆို အပြေအကျေပေးဆပ်ပြီးသည့် တောင်သူများသို့ ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအား မေ ၃၀ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

လက်ပံတန်းမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေအတွက် တစ်ဧကလျှင် ၁ ဒသမ ၅ သိန်းနှုန်းဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ၅၃ အုပ်စုမှ တောင်သူ ၅၂၀၀၊ ဧက ၃၅၂၄၄ အတွက် ငွေကျပ် ၅၂၈၆၆ သိန်း ထုတ်ချေးပေးရန် လျာထားပြီး မေ ၃၀ ရက်မှ ဇွန် ၂၇ ရက်အထိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ အဖွဲ့ဝင်တောင်သူ ၄၇၂ ဦး၏ စပါးစိုက်ဧက ၃၂၃၃ အတွက် ချေးငွေကျပ် ၄၈၄၉ ဒသမ ၅၀ သိန်း ထုတ်ချေးပြီးစီးကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများ မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၂၂၁ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၂၈**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် သြဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် ၂၂၁ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ဆယ်မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်နှင့် မဲကနယ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၀ ရက်ကြာ အသွားအလာရက်ကန့်သတ်ထားရှိကာ ကိုဗစ်ရောဂါပိုးရှိ မရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာ မြို့နယ်များသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး မှ အမျိုးသား ၁၅၆ ဦး၊ အမျိုးသမီး ၆၅ ဦး စုစုပေါင်း ၂၂၁ ဦးရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ကျောက်တော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ မြေခံအဖြစ် ထယ်ထိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

ကျောက်တော် ဇွန် ၂၈

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာအုပ်စု၌ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ဓာတ်မြေဩဇာသုံးစွဲမှု လျှော့ချပြီး တောင်သူများ ဝင်ငွေတိုးတက်မှုရှိစေရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံ လျှော်) မြေခံအဖြစ် ထယ်ထိုးထွန်မွှေခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က အဆိုပါကျေးရွာရှိ သရုပ်ပြကွင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မြေခံအဖြစ် ထယ်ထိုးထွန်မွှေထည့်သွင်းနည်း သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွန့်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ ကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့နောက် ကျောက်တော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်သန့်အောင်က တောင်သူများအနေဖြင့် မြေခံအဖြစ် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို နှစ်စဉ်ထည့်သွင်းပေးခြင်းဖြင့် မြေခံကောင်းမွန်ပြီး အာဟာရစားသုံးမှု ပိုမိုကောင်းမွန်ခြင်း၊ မြေဆီလွှာ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများ တိုးတက်ကောင်းမွန်လာစေကြောင်း၊ သဘာဝမြေဩဇာများ အသုံးပြုစိုက်ပျိုးပါက မြေဆီလွှာ တိုးတက်ကောင်းမွန်လာပြီး မြေဩဇာသုံးစွဲမှု လျှော့ချနိုင်ကာ တောင်သူများအနေဖြင့် ကုန်ကျစရိတ်လျှော့နည်းလာမည့်အပြင် ဝင်ငွေများတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# တို့တောင်သူတွေ ဝင်ငွေတိုးဖို့ ကော်ဖီတိုးချဲ့ စိုက်ကြစို့

**“ကိုအောင်ရေ နေ့လယ်ကတည်းက ငါဖုန်းခေါ်နေတာ။ လုံးဝမရတော့ ငါအတော်စိတ်ပျက်သွားတယ်။ နောက်တော့မှ မင်းတပည့်နဲ့ ဖုန်းရမှ မင်းတို့ အစည်းအဝေး လုပ်နေကြောင်း သိရတာ။ အထူးတော့ မရှိပါဘူးကွာ။ မင်းတို့စိုက်ပျိုးရေးဦးစီးဌာနက ရွာမှာ သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော်မျိုးစေ့တွေ လာပြီးပေးတယ်။ မင်းတို့ စိုက်ပျိုးရေးက လူတွေက အတော်လည်း တတ်နိုင်ကြပါတယ်။**

မောင်အောင်

ဓာတ်မြေသြဇာမပေးနိုင်တော့ သဘာဝမြေသြဇာဆိုပြီး ပိုက်ဆံလျှော် မျိုးစေ့တွေလာပြီးပေးတယ်။ ပထမတော့ ငါလည်းဒီလောက်တန်ဖိုး မထားပါဘူး။ သူတို့ရှင်းပြတာကို လျှောက်ပြောနေတယ်ထင်တာ။ အဲ သူတို့ပြန်သွားမှ ကျုံတာက ဖိုးပျော့ပြောမှ ဒီပိုက်ဆံလျှော်က တကယ်ကောင်းတဲ့ သစ်စိမ်းမြေသြဇာဆိုတာသိရတယ်။ အဲဒါနဲ့ မင်းတပည့်ပြောတာက မင်းတို့ကော်ဖီ အစည်းအဝေး လုပ်နေတယ်ဆို။ မင်းတို့နဲ့ကွာ။ အလုပ်မရှိ အလုပ်ရှာ။ ဘာမဟုတ်တဲ့ ကော်ဖီများ အစည်းအဝေးလုပ်နေရသေးတယ်။ စပါးတို့၊ မြေပဲတို့၊ ပြောင်းဖူးတို့၊ နေကြာတို့ အစည်းအဝေးလုပ်တယ်ဆိုရင် ငါလက်ခံပါတယ်။ အခုတော့ ကော်ဖီဆိုတာက မြို့ကလူတွေပဲ သောက်တာ။ ဒို့တောသားတွေနဲ့ ဘာမှမဆိုင်ပါဘူး။ ကဲ ပြောစမ်းပါဦး။ ကော်ဖီစိုက်ပျိုးရေးကို ဘာ့ကြောင့် ရေးကြီးခွင်ကျယ်လုပ်ပြီး အစည်းအဝေးလုပ်နေရတာလဲ။”

ကျွန်တော့် အစ်ကိုကြီးကား ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာတွင် နေသူဖြစ်သည်။ အသက် ၈၀ ကျော်ပြီ။ သို့သော် ငယ်စဉ်က ၁၀ တန်းအထိ ကျောင်းနေခဲ့သူဖြစ်ပြီး ကိုယ်ပိုင်လယ်လုပ်ခဲ့သူဖြစ်သည်။ လယ် ၁၅ ဧက ခန့်ပိုင်သည်။ အသက် ၇၀ ကျော်မှ ကိုယ်တိုင်လယ်မလုပ်တော့ဘဲ ညီများ၊ တူများကို လွှဲထားပေးခြင်းဖြစ်သည်။ သလိပ်ကြီးရွာတွင် လျှပ်စစ်မီးမရသေးသော်လည်း ကျေးလက်မီးလင်းရေး အစီအစဉ်ဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် မီးရသည်။ ရုပ်မြင်သံကြား ကြည့်၍ရသည်။ မြန်မာ့ရုပ်မြင်သံကြားသတင်းကို လက်မလွတ်တမ်းကြည့်သူဖြစ်၍ ဗဟုသုတရှိသည်။

“ဒါတော့ အစ်ကိုရယ်။ အစ်ကိုလည်း သိတဲ့အတိုင်း၊ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ကိုဗစ် အကြီးအကျယ်ဖြစ်လိုက်တော့ လူတွေအားလုံး အိမ်ထဲမှာနေရ၊ တစ်နေရာနဲ့ တစ်နေရာသွားလို့ လာလို့ မရ။ ကားတွေ၊ ရထားတွေ၊ လေယာဉ်တွေရပ်နားထားရတော့ ကုန်စည်စီးဆင်းမှုတွေရပ်ပြီး အားလုံးစီးပွားရေးကျပ်တည်းကုန်ကြတယ်။ ကုန်ဈေးနှုန်းတွေ ကြီးကုန်တယ်လေ။”

“အေး ဒါတော့ မင်းပြောမှ မဟုတ်ပါဘူးကွာ။ ငါလည်းသိပါတယ်။ ကုန်ထုတ်လုပ်မှုတွေ ရပ်နားထားတော့ ကုန်ပစ္စည်းတွေ ရှားလာတယ်။ ကုန်ပစ္စည်းရှားတော့ ကုန်ဈေးနှုန်းတွေ တက်တာပေါ့။ ဒါသဘာဝပဲလေ။ အဲဒါနဲ့ မင်းတို့ ကော်ဖီအစည်းအဝေးလုပ်တာနဲ့ ဘာဆိုင်လို့လဲကွ။”

ကျွန်တော့်စကားကို စိတ်မရှည်၍ အစ်ကိုကြီးက ဖြတ်၍ မေးလိုက်ခြင်းဖြစ်သည်။



အောင်မြင်ဖြစ်ထွန်းနေသည့် ကော်ဖီသီးနှံပုံ



ခူးဆွတ်ပြီး ကော်ဖီစေ့ပုံ။

### တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့

“ဟုတ်တယ်လေ အစ်ကိုကြီးရဲ့။ ကျွန်တော်တို့ တိုင်းပြည်လို ဖွံ့ဖြိုးဆဲနိုင်ငံမှာ အထွေထွေ ကုန်ပစ္စည်းတွေ ရှားပါးလာတယ်။ ဈေးတွေကြီးလာတဲ့အခါ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့က ကိုယ့်အားကိုယ်ကိုးပြီး လုပ်ရမယ်လေ။ အဲဒီလိုလုပ်ဖို့ကို လက်ရှိနိုင်ငံတော်ကို တာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့က စိုက်ပျိုးမွေးမြူရေးဟာ အလွယ်အကူဆုံး လုပ်လို့ရတယ်။ အဲဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉)ရပ်မှာပါတဲ့ စီးပွားရေးဦးတည်ချက်မှာ **“စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”** ဆိုတဲ့အချက်ကို ပထမဆုံးအချက်အဖြစ် ထည့်သွင်းထားတာမဟုတ်လား။”

“အေး ဒါတော့ဟုတ်တယ်။ မင်းတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီး အစည်းအဝေးတွေမှာ မိန့်ခွန်းပြောတဲ့အခါတိုင်း စိုက်ပျိုးရေးနဲ့ မွေးမြူရေး တိုးချဲ့ဆောင်ရွက်ဖို့ အမြဲတမ်း ပြောတာကြားရတယ်။ နောက်ပြီး ဒေသဝမ်းစာဖူလုံဖို့၊ စားသုံးဆီထုတ်လုပ်တဲ့ ဆီထွက်သီးနှံတွေ တိုးချဲ့စိုက်ဖို့၊ ဝါတွေတောင် တိုးချဲ့စိုက်ပျိုးဖို့ပြောနေတာ ငါကြားရတယ်။ ဆန်တို့၊ ဆီတို့ကတော့ ဒို့လူတွေ စားဖို့ မဖြစ်မနေလိုအပ်တာမို့ တိုးချဲ့စိုက်ခိုင်းတာ ငါလက်ခံပါတယ်။ ဝါကလည်း ဗိုင်းငင်ချည်ချပြီး အဝတ်အထည် ရက်လုပ်လို့ရတော့ ဝတ်ရေးအတွက် လိုအပ်တယ်ဆိုတာ ငါလက်ခံပါတယ်။ အဲ ဒါပေမယ့် ပြီးခဲ့တဲ့သကြၤန်တွင်းတုန်းက ပြင်ဦးလွင်သွားရင်း ကော်ဖီကိစ္စပြောလာတော့ ငါ့စိတ်ထင်ဒါတော့ နည်းနည်းများသွားပြီ ထင်တယ်ကွ။”

ကျွန်တော့် အစ်ကိုကြီးကား ရုပ်မြင်သံကြားသတင်းကို အမြဲကြည့်နေသူပီပီ နိုင်ငံတော် အကြီးအကဲ၏ လှုပ်ရှားဆောင်ရွက်မှုကို အမြဲသတိပြုနေသူဖြစ်သည်။

“မများပါဘူး အစ်ကိုကြီးရ။ ကော်ဖီကလည်း ပြန်ရောင်းရင် ဈေးကောင်းရတာကြောင့် စိုက်သင့်တာ မဟုတ်ဘူးလား။ ကျွန်တော်တို့ တပ်မတော်မှာ”

**“ဘာလဲ စားလို့ရတာအကုန်စိုက်၊ စားလို့ရတာအကုန်မွေး”** ဆိုတဲ့ ဆောင်ပုဒ်ကို ပြောမလို့ မဟုတ်လား။”

### စားလို့ရတာ အကုန်စိုက်

“ဟုတ်တယ်လေ အစ်ကိုကြီးရ။ ကျွန်တော်တို့ တပ်ထဲနေတုန်းက စားလို့ရတာအကုန် စိုက်တယ်။ စားလို့ရတာ အကုန်မွေးတယ်။ စစ်သားဆိုတာက နိုင်ငံတော်အတွက် (၂၄) နာရီ တာဝန်ရှိတယ်။ ကျန်တဲ့ဝန်ထမ်းတွေလို ရုံးတက်ရုံးဆင်းချိန် အတိအကျသတ်မှတ်ထားတာ မဟုတ်ဘူး။ ဒီကြားထဲ လင်ယောကျ်ားရှေ့တန်းသွားရင် ဇနီးမယားတွေက ရတဲ့လစာလေးနဲ့ ချွေတာသုံးစွဲရတာ။ ဒီတော့ စားလို့ရတာအကုန်စိုက်ပြီး စားလို့ရတာ အကုန်မွေးမှ ကျွန်တော်တို့ တပ်မိသားစုတွေက ဝမ်းဝအောင်၊ ခါးလှအောင် နေနိုင်ကြတာ။ ဒါတောင် ကျိုင်းတုံမှာ ကျွန်တော် တာဝန်ထမ်းဆောင်တုန်းက လိုအပ်လို့ တစ်တပ်လုံးနီးပါး ရှေ့တန်းထွက်ရတယ်။ အို၊ နာ၊ ကျိုးကန်း ဆေးအဆင့်နိမ့် ရဲဘော်တွေနဲ့ ရဲမေတွေ လောက်ပဲ ကျန်တယ်။ အဲဒီအချိန်မှာ အခြေခံစစ်ပညာသင်ထားတဲ့ ရဲမေတွေအားလုံး သေနတ်ကိုင်ပြီး ကင်းစောင့်ကြရတယ်။”

“အေးပါ။ ငါမှတ်မိပါတယ်။ ကျိုင်းတုံ မင်းတို့ဆီ ငါလာလည်တုန်းက မင်းက ရှေ့တန်းသွားနေတယ်။ တပ်မှာ အို၊ နာ၊ ကျိုးကန်း ရဲဘော်နဲ့ ရဲမေတွေပဲရှိတော့ ရဲမေတွေက ကင်းစောင့်နေကြတယ်။ ငါက ယောကျ်ားကြီးဖြစ်ပြီး ကင်းမစောင့်တော့ ငါ့ကိုယ်ငါတောင် ရှက်လာပြီး၊ ရဲဘော်တွေ ကင်းစောင့်တဲ့နေရာသွားပြီးနေခဲ့ဖြစ်တယ်။ ကဲ မင်းတပ်တရားဟောတာ ထားပါဦး။ ကော်ဖီက ဘာဖြစ်လို့ စိုက်တာလဲ။ လက်ရှိရော ဘယ်နှဧကလောက် စိုက်ထားလဲ။ ဝင်ငွေရော ဘယ်လောက် ရလို့လဲ။”

ကျွန်တော့် အစ်ကိုကြီးက သူသိချင်တာကို ဖွတ်မေးလာသည်။ ကျွန်တော်ကလည်း ညနေကပင် အစည်းအဝေးတက်လာသူမို့ ကော်ဖီစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ပြောပြချင်တာနှင့် အတော်ပင်ဖြစ်သွားသည်။

### နိုင်ငံခြားဝင်ငွေရှာနိုင်ဖို့

“လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကော်ဖီ ၄၉၉၅၁ ဧက စိုက်ထားပါတယ်။ ကော်ဖီက လေးနှစ်သားအထက်မှစပြီး ကော်ဖီသီးခူးရတာကြောင့် အသီးခူးဧကကတော့ ၃၅၃၇၆ ဧက ရှိပါတယ်။ တစ်နှစ်လုံးထွက်ရှိမှုအနေနဲ့ ကော်ဖီသီးတန်ချိန် ၉၀၀၀ ကျော်ရရှိပြီး တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၃၆ သန်းလောက် ရရှိနေပါတယ်။ အဲဒါပေမယ့် ကျွန်တော်တို့ နိုင်ငံကို ပြည်ပနိုင်ငံတွေက တစ်နှစ်ကို အမေရိကန်ဒေါ်လာ သန်း ၅၀ ဖိုးလောက် ကော်ဖီမှုန့်တင်သွင်းနေရတာကြောင့် ဒီပြည်ပထွက်ငွေလျော့နည်းစေပြီး ပြည်ပကို ပိုမိုတင်ပို့ပြီး နိုင်ငံခြားဝင်ငွေရှာနိုင်ဖို့အတွက် ကော်ဖီစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးက လမ်းညွှန်တာဖြစ်ပါတယ်။”

“အေး အဲဒါဆိုရင်တော့ ဟုတ်ပါပြီ။ ကော်ဖီတိုးချဲ့စိုက်ပျိုးသင့်တာကို ငါ အကြွမ်းဖျင်းလက်ခံပါပြီ။ အဲဒါနဲ့ လက်ရှိဒို့နိုင်ငံမှာ ဘယ်နေရာတွေမှာ စိုက်တာများသလဲ။ ကော်ဖီက ဘယ်လိုမြေမျိုး ကြိုက်သလဲ။ ငါတို့ရွာမှာရော ကော်ဖီစိုက်ရင် ဖြစ်မှာလား။”

“ကော်ဖီအမျိုးအစား နှစ်မျိုးရှိပါတယ်။ အကြမ်းဖျင်း တောင်ပေါ်ကော်ဖီနှင့် မြေပြန့်ကော်ဖီပဲပေ့ါ ။ တောင်ပေါ်က ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၃၀၀၀ ကျော်ကနေ ၆၀၀၀ လောက်အထိမှာ ဖြစ်ထွန်းတယ်။ အာရေဗီးကား(Arabica)လို့ခေါ်တယ်။ လက်ရှိစိုက်ပျိုးနေတဲ့ နေရာတွေကတော့ ကချင်ပြည်နယ်မှာ ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်။ မန္တလေးတိုင်းဒေသကြီးမှာတော့ မိုးကုတ်နဲ့ ပြင်ဦးလွင်။ ရှမ်းပြည်နယ်မှာတော့ ကျိုင်းတုံ၊ တာချီလိတ်၊ လွိုင်မွေ၊ နောင်ချို၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ဟိုပုံး၊ နောင်တရား၊ ပင်လောင်း။ ကယားပြည်နယ်မှာတော့ လွိုင်ကော်၊ ဒီမောဆိုး။ အဲ နောက်ပြီး ချင်းပြည်နယ်၊ မကွေးတိုင်း အနောက်ခြမ်းနဲ့ စစ်ကိုင်းတိုင်းမြောက်ပိုင်းတို့မှာ စိုက်ပျိုးထားပါတယ်။ မြေပြန့်ကော်ဖီကိုတော့ ရိုဘတ်စတာလို့ခေါ်ပြီး ကရင်ပြည်နယ်၊ လိပ်သို၊ သံတောင်ကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းတို့မှာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။”

“ဟာ အဲဒါဆို ငါတို့ရွာမှာလည်း စိုက်လို့ရမှာပေ့ါ။ အဲ ဒါပေမယ့် ငါ့တို့ခြံထဲမှာက အုန်းပင်တွေ၊ ကွမ်းသီးပင်တွေ၊ သရက်ပင်တွေနဲ့ ပြည့်နေတော့ မင်း ကော်ဖီ စိုက်လို့ရပ့ါမလား။ လောင်းရိပ်မိမှာပေ့ါ။”

အစ်ကိုကြီးက သူ့ခြံထဲတွင် အပင်များနှင့် ပြည့်နေ၍ ညည်းညူလိုက်သည်။ *စာမျက်နှာ ၇ သို့*

> ❖ မြန်မာနိုင်ငံမှာ ကော်ဖီ ၄၉၉၅၁ ဧက စိုက်ထားပါတယ်။ ကော်ဖီက လေးနှစ်သားအထက်မှစပြီး ကော်ဖီသီးခူးရတာကြောင့် အသီးခူးဧကကတော့ ၃၅၃၇၆ ဧက ရှိပါတယ်။ တစ်နှစ်လုံးထွက်ရှိမှုအနေနဲ့ ကော်ဖီသီးတန်ချိန် ၉၀၀၀ ကျော် ရရှိပြီး တစ်နှစ်ကို အမေရိကန် ဒေါ်လာ ၃၆ သန်းလောက် ရရှိနေပါတယ်
>
> ❖ ကော်ဖီစိုက်ရင် သစ်တောဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတယ်လို့တောင် ပြောလို့ရတယ်။ ဒါ့ကြောင့် ရာသီဥတုပြန်မှန်လာပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရာတောင် ရောက်တယ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး (၁၆) ကြိမ်မြောက် အာဆီယံ-တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာဖိုရမ်သို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၂၈**

(၁၆)ကြိမ်မြောက် အာဆီယံ-တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာဖိုရမ်ကို ယနေ့ နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ The National Rural Revitalization Administration မှ အိမ်ရှင်အဖြစ် လက်ခံ၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျေးလက်ဖွံ့ဖြိုးရေးနှင့် ပြန်လည်ဆန်းသစ်ရေး စီမံခန့်ခွဲမှုအဖွဲ့မှ Administrator H.E. LUI Huanxin နှင့် အဖွဲ့ဝင်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံမှ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာန (IPRCC) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)**




### အဖွင့်မိန့်ခွန်းပြောကြား

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမျိုးသားကျေးလက်ဖွံ့ဖြိုးရေးနှင့် ပြန်လည်ဆန်းသစ်ရေး စီမံခန့်ခွဲမှုအဖွဲ့မှ Administrator H.E. LUI Huanxin က အဖွင့်မိန့်ခွန်းပြောကြားပြီး အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် H.E. Ekkaphab Phanthavong တို့မှ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် အာဆီယံနိုင်ငံများအနေဖြင့် ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအစီအစဉ်အား ပြည့်မီစွာ ဆောင်ရွက်ရမည့် သတ်မှတ်ကာလသည် နီးကပ်နေပြီဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း ကမ္ဘာ့ကူးစက်ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် မမျှော်မှန်းထားသည့် စိန်ခေါ်မှုအခက်အခဲများ၊ အလှည့်အပြောင်းများ ကြုံတွေ့ခဲ့ရပြီး ခက်ခက်ခဲခဲကိုင်တွယ်ဖြေရှင်းခဲ့ရပါကြောင်း၊ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်မူဘောင် ၂၀၂၁-၂၀၂၅ ကို ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပေါင်းစည်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်တစ်ခုအဖြစ် ရေးဆွဲချမှတ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေး အောင်မြင်နိုင်စေရန်အတွက် မြို့ပြနှင့်ကျေးလက်ဒေသများအကြား၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး ဆောင်ရွက်သွားရန် မျှော်မှန်းထားရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် သမဝါယမကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ၊ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားမည်

တရုတ်နိုင်ငံအစိုးရ၏ ငွေကြေးပံ့ပိုးကူညီမှုများဖြင့် **ကျေးရွာအဆင့်ဆင်းရဲမှု လျှော့ချရေးစံပြစီမံကိန်း**ကို ၂၀၂၁ ခုနှစ်တွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လတ်တလောကာလတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေအောက်မှ ကျေးရွာအဆင့်ဆင်းရဲမှု လျှော့ချရေးစီမံကိန်း အဆင့်(၂)၊ ကျေးလက်ရေရရှိရေး စီမံကိန်း၊ ကျေးလက်မီးလင်းရေးစီမံကိန်းနှင့် ဘက်စုံကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးဆိုင်ရာ အောင်မြင်မှုများသည် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များအတွက် အဖိုးတန်သော စံနမူနာများအဖြစ် အသုံးချနိုင်မည်ဟုလည်း မိမိတို့အနေဖြင့် ယုံကြည်မိပါကြောင်း၊ မိမိတို့အားလုံး သဘောတူညီထားသော ဘုံရည်မှန်းချက် ပန်းတိုင်ကို အရောက်လှမ်းနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် သာယာဝပြောသော အမိမြေကို တည်ဆောက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ အားလုံးနှင့်အတူ လက်တွဲပူးပေါင်း၍ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများက လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်ရည်မှန်းချက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ အောင်မြင်မှု၊ အတွေ့အကြုံကောင်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားကြသည်။ ယင်းနောက် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း ပတ်ဝန်းကျင် တိုးတက်ပြောင်းလဲရေးဆိုင်ရာကဏ္ဍတို့ကို အုပ်စုများခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အကြိမ် (၄၀) မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

နေပြည်တော် ဇွန် ၂၈

**အကြိမ် (၄၀) မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (40th Senior Officials Meeting on Energy (SOME) and Associated Meetings) ကို ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် Video Conferencing စနစ်ဖြင့် ကြီးမှူးကျင်းပလျက်ရှိရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် (Head Of Delegation) စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်နှင့်အတူ စွမ်းအင်ဆိုင်ရာကဏ္ဍခွဲအလိုက် တာဝန်ရှိသူများ တက်ရောက်သည်။** (အောက်ပုံ)




အစည်းအဝေးတွင် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သန့်စင်သော စွမ်းအင်သုံးစွဲရေး၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး၊ စွမ်းအင်ခြိုးခြံချွေတာ သုံးစွဲရေး၊ စွမ်းအင် ဖူလုံမှုရှိရေး၊ ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့် သုံးစွဲရေး၊ စွမ်းအင်သုံးစွဲမှုဆိုင်ရာ စံစနစ်များ လိုက်လျောညီထွေဖြစ်စေရေးတို့အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို လည်းကောင်း၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၁-၂၀၂၅ (ASEAN Plan of Actions for Energy Cooperation-APAEC Phase II (2021-2025)) ၏ ၂၀၂၁ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များ၊ လက်ရှိ ၂၀၂၂ ခုနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် လာမည့် ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို လည်းကောင်း၊ အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍခွဲများဖြစ်သည့် အာဆီယံ ရေနံကောင်စီ၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေးသုံးစွဲရေးနည်းပညာဆိုင်ရာ ကဏ္ဍခွဲ၊ အာဆီယံလျှပ်စစ်စွမ်းအားဆိုင်ရာကဏ္ဍခွဲ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေး ကဏ္ဍခွဲ၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကဏ္ဍခွဲ၊ ဒေသတွင်းစွမ်းအင်မူဝါဒနှင့် စီမံခန့်ခွဲရေးဆိုင်ရာကဏ္ဍခွဲ၊ မြို့ပြသုံး နျူကလီးယားစွမ်းအင်ဆိုင်ရာ ကဏ္ဍခွဲ၊ အာဆီယံစွမ်းအင်မူဝါဒချမှတ်သူများ အဖွဲ့အစည်းကွန်ရက်နှင့် အာဆီယံစွမ်းအင်ဗဟိုဌာန အဆင့်မြှင့်တင်ရေးကဏ္ဍများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ၏ ဆွေးနွေးဘက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ စွမ်းအင်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး အာဆီယံ + ၃ နိုင်ငံနှင့် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ပြီးခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုကြမည် ဖြစ်သည်။ အကြိမ် (၄၀) မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပေါက်တောမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပေါက်တော ဇွန် ၂၈**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်၊ ဂေဟစနစ်ထိန်းညှိရန်၊ ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးသည့် အလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၉ နာရီက ပေါက်တောမြို့ရှိ အိုးအိမ်ခြံဝင်း၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းသန်းထိုက်နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး မန်ကျည်းရှား ၂၅၀၊ မဟော်ဂနီ ၁၅၀၊ ကျွန်း ၁၀၀၊ ရေသင်းဝင် ၁၀၀ စုစုပေါင်း ၆၀၀ စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှ ကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည် တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏ လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆို လက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မိဘပြည်သူများ၏ မေတ္တာရပ်ခံချက်အရ တပ်မတော်ဆိုင်ရာတက္ကသိုလ်များ၏ ဗိုလ်လောင်းဝင်ခွင့်များအတွက် အသက်ကန့်သတ်ချက် တိုးမြှင့်သတ်မှတ်

**နေပြည်တော် ဇွန် ၂၈**

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် (အမျိုးသမီး) ဗိုလ်လောင်းဝင်ခွင့်နှင့်ပတ်သက်၍ မိဘပြည်သူများ၏ မေတ္တာရပ်ခံချက်အရ အသက်ကန့်သတ်ချက်ကို ယခင်ထက် ၆ လတိုး၍ ပြင်ဆင်သတ်မှတ်ပေးလိုက်ကြောင်း သိရှိရသည်။

အဆိုပါတက္ကသိုလ်များအတွက် ဗိုလ်လောင်းဝင်ခွင့်လျှောက်ထားမှုတွင် ယခင်သတ်မှတ်ချက် **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ်ထက်မကြီးရ** (အစား) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် အသက် ၁၆ နှစ်အောက် မငယ်ရ၊ ၁၈ နှစ် ၆ လထက် မကြီးရ** ဟု တိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့၌ ရောဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**မြစ်ကြီးနား ဇွန် ၂၈**

မြစ်ကြီးနားမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရန်ရည်ရွယ်၍ မြစ်ကြီးနားမြို့ ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇွန် ၂၃ ရက် နံနက်ပိုင်းက စည်ပင်သာယာရေဆိပ်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြစ်ကြီးနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးတူးထန်၊ မြစ်ကြီးနားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ ကချင်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ဝိုင်းမော်ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးမှ ဝန်ထမ်းများက ဝိုင်းမော်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ တစ်သိန်းနှင့် ငါးမြစ်ချင်းကောင်ရေတစ်သိန်း စုစုပေါင်း ကောင်ရေ နှစ်သိန်းတို့အား မျိုးစိုက်ထည့်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**



## မြစ်ကြီးနား၌ သူနာပြု-သားဖွား ဒီပလိုမာပထမနှစ် သင်တန်းသား/သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းအခမ်းအနားကျင်းပ

မြစ်ကြီးနား ဇွန် ၂၈

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ကချင်ပြည်နယ် မြစ်ကြီးနား သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့မှ အရည်ချင်းစစ် စာမေးပွဲ အောင်မြင်ခဲ့ကြသော သူနာပြု-သားဖွားဒီပလိုမာ ပထမနှစ် သင်တန်းသား/သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းအခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သူနာပြုနှင့် သားဖွားအတတ်ပညာအား သင်ယူနေကြသော သင်တန်းသား/သင်တန်းသူများအနေဖြင့် အရည်အချင်းပြည့်ဝသည့် သူနာပြုများဖြစ်စေရန်အတွက် ပထမခြေလှမ်းအနေဖြင့် သင်တန်းတက်ရောက်နေစဉ်ကပင် သူနာပြုအတတ်ပညာများအား ကျွမ်းကျင်တတ်မြောက်အောင် ဆည်းပူးခြင်း၊ သူနာပြုကျင့်ဝတ်များကို စောင့်ထိန်းခြင်းနှင့် သင်တန်းကာလတွင် ချမှတ်သည့်စည်းကမ်းများကို တသွေမသိမ်းလိုက်နာကြပြီး သင်တန်းကာလပြီးဆုံးသည်အထိ ကြိုးစားကြစေလိုကြောင်း၊ ၎င်းအပြင် သူနာပြု ဆရာ ဆရာမများ ဖြစ်လာသည့်အခါတွင်လည်း သူနာပြုတစ်ဦး၏ ကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုကျင့်ကြံနေထိုင်ပြီး မိမိတို့သစ္စာပြုခဲ့သည့် သူနာပြုသစ္စာအဓိဋ္ဌာန်ပါအတိုင်း သင်ယူတတ်မြောက်ခဲ့သည့် သူနာပြုစုမှုအတတ်ပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို အရည်အသွေးပြည့်ဝစွာ စောင့်ရှောက်မှုပေးနိုင်ရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်း ပြောကြားသည်။

ယင်းနောက် မြစ်ကြီးနား သူနာပြု သင်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်မခေါင်ထ ဇမီဆားက ဂျူတီကုတ်နှင့် ဦးဆောင်း အပ်နှင်းရခြင်းအကြောင်းနှင့် သင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက သူနာပြု-သားဖွားဒီပလိုမာ ပထမနှစ် သင်တန်းသား သုံးဦးနှင့် သင်တန်းသူ ၇၉ ဦးတို့အား ဂျူတီကုတ်နှင့် ဦးဆောင်းများကို အပ်နှင်းကြသည်။ ဆက်လက်၍ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းခံရသော သင်တန်းသား/သင်တန်းသူများမှ သူနာပြုသစ္စာ အဓိဋ္ဌာန်နှင့် ကရုဏာအလင်းသီချင်းကို ဂုဏ်ယူစွာဖြင့် သီဆိုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သူနာပြုသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ပြီး သူနာပြု-သားဖွားဒီပလိုမာ ပထမနှစ် အရည်အချင်းစစ် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသား / သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမနှစ် သင်တန်းသား / သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိုးမိတ်မြို့၌ ပန်းခင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်

**မိုးမိတ် ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့တွင် ၂၀၂၂ -၂၀၂၃ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကိုဖွင့်လှစ်၍ ပညာသင်ကြားပို့ချပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသော ကျောင်းသား ကျောင်းသူများအား မိုးမိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်နိုင်စေရန် ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ အခြေခံပညာ အထက်တန်းကျောင်း (ညောင်ပင်စောက်)တွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းအေးနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်အရ နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးရည်ရွယ်ချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများရရှိစေရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ဆောင်ရွက်ပေးနေသည့် အခြေခံပညာအထက်တန်းကျောင်း (ညောင်ပင်စောက်)၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်မည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၀ ခန့်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုဆောင်းပါး

# သမဝါယမဟူသည်

## ကြီးမြင့်နိုင် (လှိုင်ကော်)

"သမဝါယမ" ဟူသော စကားရပ်သည် မြန်မာနိုင်ငံ၌ သမဝါယမအသင်းများ စတင်တည်ထောင်သော ၁၉၀၅ ခုနှစ်တွင် အင်္ဂလိပ်ဘာသာစကား "ကိုအော့ပရေးရှင်း" (Co-Operation) ကို ဆီလျော်အောင် ဘာသာပြန်ဆို၍ သုံးစွဲလာသည့် ပါဠိပျက်စကားရပ် တစ်ခုဖြစ်သည်။ လုပ်ငန်းတစ်ခုခုကို လူအများစုပေါင်းဆောင်ရွက်ကြရာ၌ ပါဝင်သောပုဂ္ဂိုလ်တိုင်းသည် မိမိ၏ ကာယ၊ ဉာဏ၊ လုပ်အားများကို မိမိစွမ်းနိုင်သည့် နေရာအသီးသီးမှ ရေသာခိုလျှော့ကြံ့ မလိုက်ဘဲ အများနှင့် ညီတူညီမျှ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။

### အကျိုးအမြတ်ကို မျှတစွာ ခံစား

သမဝါယမ စကားရပ်ကို မြန်မာအဘိဓာန်က အများစုပေါင်း၍ ကုန်ထုတ်၊ ကုန်ရောင်း စသည့် လုပ်ကိုင်ကာ တရားသဖြင့်ရသည့် အကျိုးအမြတ်ကို မျှတစွာ ခံစားသည့်လုပ်ငန်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သမဝါယမအသင်းများသည် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြပါသနည်းဆိုသော် သမဝါယမအသင်းတွင် ပါဝင်ကြသည့် အသင်းဝင်၊ အသင်းသားတို့၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ ဂျာမနီနိုင်ငံ၌ လယ်သမားများ၏ ငွေစုငွေချေး သမဝါယမအသင်းများကို ၁၈၆၂ ခုနှစ်က စတင်တည်ထောင်ခဲ့သူ F.W Raiffeisen ( ၁၈၁၈ – ၁၈၈၈ ) ဆိုသူက "အများအကျိုးကို တစ်ဦးစီက ဆောင်ရွက်၍ တစ်ဦးစီအတွက် အများကဆောင်ရွက်သည်" (One for all – All for one) ဆိုသည့် သမဝါယမဆောင်ပုဒ်ကို တီထွင်ခဲ့ရာ ကမ္ဘာ့သမဝါယမလောကကို ယနေ့ထက်တိုင် တန်ဖိုးထားသုံးစွဲလျက်ရှိကြပါသည်။

လူသည် မွေးဖွားလာကတည်းက တစ်သီးပုဂ္ဂလ ရပ်တည်၍မရဘဲ ပတ်ဝန်းကျင်လောကအပေါ် မှီခိုအားထားနေထိုင်ရလေရာ ကမ္ဘာဦးမှ ယနေ့တိုင် သမဝါယမသဘောမျိုး စုပေါင်းနေထိုင်လုပ်ကိုင်ဆောင်ရွက်သည့် ဓလေ့ရှိခဲ့ပါသည်။ သို့ရာတွင် ၁၈၄၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အင်္ဂလန်နိုင်ငံ ရော့ခ်ဒေးလ်မြို့ တုတ်လိန်းလမ်းတွင် ရက်ကန်းသမား ၂၈ ဦးတို့မှ ကုန်စုံဆိုင်ဖွင့်လှစ်အောင်မြင်ခဲ့ခြင်းမှ အစပြု၍ သမဝါယမဟူ၍ ပီပီပြင်ပြင် ဖြစ်ပေါ်လာကြောင်း သမိုင်းမှတ်တမ်းတင်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံတွင် ၁၈၃၆ ခုနှစ်မှစ၍ လူတို့၏ စီးပွားရေးအခြေအနေများ ဆုတ်ယုတ်ကျဆင်းလာပြီး ၁၈၄၀ ပြည့်နှစ်မှစ၍ ၁၈၄၉ ခုနှစ်အထိ စီးပွားရေးကပ်ဆိုက်ခဲ့ပါသည်။ အဆိုပါစီးပွားရေး ကပ်၏ဒဏ်ကို အဆိုးရွားဆုံးခံလိုက်ရသော ဒေသများတွင် ချည်ထည်နှင့် သိုးမွေးထည်များ ရက်လုပ်သည့် "လင်ကရှိုင်းယား" (Lanca Shire) နယ်လည်း ပါဝင်ခဲ့လေသည်။ ထိုအချိန်က အဆိုပါနယ်တွင် လူဦးရေ ၂၅၀၀၀ ခန့်ရှိသော ရော့ခ်ဒေးလ်ဟုအမည်တွင်သည့် မြို့ကလေးတစ်မြို့ ရှိလေသည်။ ချည်ထည် ရက်လုပ်သော စက်ရက်ကန်းများသည် ထိုမြို့ကလေးသို့ ၁၈၂၀ ပြည့်နှစ်တွင် ရောက်ရှိလာပြီး ၁၈၃၁ ခုနှစ်တွင် သိုးမွေးထည်ရက်လုပ်သော စက်များလည်းရောက်ရှိလာလေသည်။ သို့ရာတွင် ထိုမြို့ကလေး၌ ၁၈၄၀ ပြည့်နှစ် ကျော်လွန်သည့်တိုင်အောင် သိုးမွေးထည်များကို လက်ရက်ကန်းများဖြင့် ဆက်လက်ရက်လုပ်နေခဲ့ကြလေသည်။

> ❑ **မိမိတို့၏ လိုအပ်ချက်များကို တိတိကျကျ ဆန်းစစ်၍ ရည်ရွယ်ချက် (လမ်းပြမြေပုံ) တိတိကျကျရှိခြင်း၊ ရည်ရွယ်ချက် ပေါက်မြောက်ရန် ပြင်းပြသောဆန္ဒရှိခြင်း၊ ရှေ့လောမကြီးဘဲ မိမိတို့တတ်နိုင်သလောက်သာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဆန္ဒတူသူများ စုပေါင်းမိခြင်း၊ ဆန္ဒတူသူများသာ စုစည်းမိ၍ ညီညွတ်ခြင်း၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ် ခြင်း၊ သမဝါယမအသင်းဖွဲ့စည်းရာတွင် မည်ကာမတ္တ ဖွဲ့စည်းခြင်းမဟုတ်ဘဲ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ရောက်ရှိရန် အလေးနက်ထားဖွဲ့စည်းခဲ့ခြင်း စသည့် အောင်မြင်ကြောင်းတရားများကို တွေ့ရှိ ရမည်ဖြစ်ပြီး သမဝါယမလုပ်ငန်း လုပ်ကိုင်သူများ စံနမူနာထား အတုယူဖွယ်ရာဖြစ်**

လက်ရက်ကန်းသမားများသည် စက်ရက်ကန်းများနှင့် ကြာရှည်ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်း မရှိသဖြင့် လက်ရက်ကန်းများကို စွန့်လွှတ်ကာ စက်ရုံများတွင် ဝင်၍ အလုပ်သမားအဖြစ် လုပ်ကြရသည်။ အချို့မှာ အလုပ်လက်မဲ့ဘဝသို့ ကျရောက်ခဲ့သည်။ စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ကြသူများသည် အရင်းရှင်စနစ်ဆိုး၏ဒဏ်ကို အလူးအလဲ ခံခဲ့ကြရသည်။ အထူးသဖြင့် အရင်းရှင်ကုန်စုံဆိုင်များ၏ အန္တရာယ်သည် အကြီးမားဆုံးနှင့် အဆိုးရွားဆုံးဖြစ်ခဲ့သည်။ အမျိုးအစားညံ့ဖျင်းသည့် ကုန်ပစ္စည်းများနှင့် ရောနှောထားသော စားသုံးကုန်များကို မတန်တဆ ဈေးကြီးပေး၍ ဝယ်ယူစားသုံးကြရပြီး လုပ်ခလစာများလည်း တဖြည်းဖြည်းလျော့ကျလာခဲ့လေသည်။ ထိုဒဏ်ကို ကြာရှည်ခံနိုင်စွမ်းမရှိသည့်အဆုံး အလုပ်သမားများက စက်ရုံများကို သပိတ်မှောက်ကြရာ သပိတ်ပြိုကွဲပြီး အလုပ်သမားအများအပြားမှာ အလုပ်လက်မဲ့ဘဝသို့ ကျရောက်ရပြန်သည်။

ထိုအချိန်က အလုပ်သမားများ မခံမရပ်နိုင်အောင် ခံစားနေရသည့် ဆင်းရဲဒုက္ခများမှာ စားသုံးကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်း၊ အရောအနှောစားသုံးကုန်များကို အန္တရာယ်ကြီးမားစွာ ဝယ်ယူစားသုံးနေရခြင်း၊ လူနေထိုင်ရန် မသင့်လျော်သည့် နေအိမ်အခန်းများတွင် ပြွတ်သိပ်၍ နေထိုင်ရခြင်းဖြစ်သည်။ သို့ဖြစ်၍ ထိုဒုက္ခများမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းစကို အလုပ်သမားတို့ ရှာကြံခဲ့ကြသည်။ အစည်းအဝေးများပြုလုပ်၍ မိမိတို့၏ ဘဝရပ်တည်မှုအတွက် လတ်တလောအရေးကြီးဆုံး လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ကြသည်။

ဤသို့ဖြင့် ရော့ခ်ဒေးလ်မြို့မှ စိတ်တူသဘောတူဖြစ်ကြသည့် ဖလန်နယ်ရက်ကန်းသမား ၂၈ ဦးက ကုန်စုံဆိုင်တည်ထောင်ရန် ငွေစုကြသည်။ မတည်ငွေရရှိရေးအတွက် တစ်ဦးလျှင် တစ်ပဲနိမှ တစ်သျှီလျှင်အထိ တတ်နိုင်သမျှအသီးသီး ထည့်ဝင်စုဆောင်းကြရာ တစ်နှစ်ကြာသောအခါ စတာလင်ပေါင် ၂၈ ပေါင် ရရှိခဲ့ကြသည်။ မတည်ငွေ ရရှိခဲ့ကြသောအခါ "ချားလ်စ်ဟောက်ဝပ်သ်" (Charles Howarth) အမည်ရှိပုဂ္ဂိုလ်က ခေါင်းဆောင်လျက် အောက်ဖော်ပြပါရည်ရွယ်ချက်များ ပါဝင်သောအသင်း၏ စည်းမျဉ်းကို ရေးဆွဲကာ ရော့ခ်ဒေးလ်ကုန်စုံဆိုင် သမဝါယမအသင်းကို တည်ထောင်ခဲ့ကြသည်။

၎င်းရည်ရွယ်ချက်များမှာ –

(၁) စားသောက်ကုန်နှင့် အဝတ်အထည်ရောင်းချသည့် ကုန်စုံဆိုင်တစ်ခုကို တည်ထောင်ဖွင့်လှစ်ရန်၊

(၂) အသင်းသားများနေထိုင်ရန်အတွက် နေအိမ်များကို ဝယ်ယူရန် (သို့မဟုတ်) ဆောက်လုပ်ရန်၊

(၃) အလုပ်လက်မဲ့ဖြစ်နေကြသည့် အသင်းသားများ အလုပ်ရရှိစေခြင်းငှာ အသင်းက ဆုံးဖြတ်သတ်မှတ်သော ကုန်ပစ္စည်းထုတ်လုပ်သည့် အလုပ်ရုံများဖွင့်လှစ်ရန်၊

(၄) အလုပ်လက်မဲ့အသင်းသားများနှင့် လုပ်ခနည်းသည့် အလုပ်သမားများ ဝင်ငွေရရှိစေရေးအတွက် စိုက်ပျိုးရေးလုပ်ကိုင်ရန် လယ်ယာမြေများကို ဝယ်ယူရန် (သို့မဟုတ်) ငှားရမ်းရန်၊

(၅) လက်တွေ့ဆောင်ရွက်နိုင်သော အချိန်သို့ ရောက်ရှိသည့်အခါ အသင်းက ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပညာပေးခြင်း၊ စီမံခန့်ခွဲခြင်းစသည့် လုပ်ငန်းများကို လုပ်ကိုင်ရန် အစီအစဉ်ပြုလုပ်၍ ပြင်ပကို မှီခိုအားထားခြင်းမပြုရသော စုပေါင်းကျေးရွာတစ်ခု တည်ဆောက်ရန်၊

(၆) အသင်းကဖွင့်လှစ်နိုင်သည့်အချိန်တွင် အရက်သေစာများကို ရောင်းချခြင်း မပြုသည့် ဟိုတယ်တစ်ခုဖွင့်လှစ်ရန်တို့ ဖြစ်သည်။

### လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်

ဖလန်နယ်ရက်ကန်းသမား ၂၈ ဦးတို့သည် တစ်ဦးလျှင် စတာလင်ပေါင်တစ်ပေါင်ကျစီ ထည့်ဝင်စုဆောင်းထားသော မတည်ငွေ ၂၈ ပေါင်အနက်မှ ကုန်စုံဆိုင်ဖွင့်လှစ်ရန် ဂိုဒေါင်တစ်ခု၏ အောက်ထပ်ကို တစ်နှစ်စာအတွက် ၁၀ ပေါင်ပေး၍ ငှားရမ်းပြီး ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်မျှ ဂျုံ၊ သကြား၊ ထောပတ်၊အုတ်မီးလ်ခေါ်သီးနှံတစ်မျိုးနှင့် ဖယောင်းတိုင်ဟူသော ပစ္စည်း ငါးမျိုးကို စတင်ရောင်းချခဲ့ကြသည်။ ဆိုင်စတင်ဖွင့်လှစ်ချိန်မှ တစ်နှစ်လုံး တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ခဲ့ကြပြီး နောက်ပိုင်းတွင် အထည်အလိပ်အရောင်းဌာနဖွင့်လှစ်ခြင်း၊ အသင်းပိုင်ဂျုံစက် တစ်ခုတည်ထောင်ခြင်း၊ လက်ကားအရောင်းဌာန ဖွင့်လှစ်ခြင်း၊ ဖိနပ်ချုပ်၊ အပ်ချုပ်လုပ်ငန်းဌာနများ ဖွင့်လှစ်ခြင်း စသည်ဖြင့် လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ကြသည်။ နောက်ဆုံးတွင် အခြေခိုင်မာလျက် နှစ်ပေါင်းများစွာ တိုးတက် ဖွံ့ဖြိုးသွားခဲ့ကြလေသည်။ ယင်းသည်ကား ကမ္ဘာ့သမဝါယမသမိုင်း၏ အစပင် ဖြစ်သည်။

ကမ္ဘာ့သမဝါယမ၏ သမိုင်းအစ ရော့ခ်ဒေးလ် သမဝါယမအသင်း အောင်မြင်ရခြင်းအကြောင်းတရားများကို ဆန်းစစ်ကြည့်ပါက မိမိတို့၏ လိုအပ်ချက်များကို တိတိကျကျ ဆန်းစစ်၍ ရည်ရွယ်ချက် (လမ်းပြမြေပုံ) တိတိကျကျရှိခြင်း၊ ရည်ရွယ်ချက် ပေါက်မြောက်ရန် ပြင်းပြသောဆန္ဒရှိခြင်း၊ ရှေ့လောမကြီးဘဲ မိမိတို့တတ်နိုင်သလောက်သာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဆန္ဒတူသူများ စုပေါင်းမိခြင်း၊ ဆန္ဒတူသူများသာ စုစည်းမိ၍ ညီညွတ်ခြင်း၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ်ခြင်း၊ သမဝါယမအသင်းဖွဲ့စည်းရာတွင် မည်ကာမတ္တ ဖွဲ့စည်းခြင်းမဟုတ်ဘဲ မိမိတို့၏ ရည်ရွယ်ချက် ပန်းတိုင်ရောက်ရှိရန် အလေးနက်ထားဖွဲ့စည်းခဲ့ခြင်း စသည့် အောင်မြင်ကြောင်းတရားများကို တွေ့ရှိရမည်ဖြစ်ပြီး သမဝါယမလုပ်ငန်း လုပ်ကိုင်သူများ စံနမူနာထား အတုယူဖွယ်ရာဖြစ်သည်။

### စံနမူနာထား အတုယူ

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ ဖွဲ့စည်းပြီး၊ ဖွဲ့စည်းဆဲ၊ ဖွဲ့စည်းလတ္တံ့သော သမဝါယမအသင်းများအနေဖြင့် ရော့ခ်ဒေးလ် ရှေ့ဆောင်လမ်းပြအသင်းကို စံနမူနာထား အတုယူလျက် သမဝါယမအသင်းမည်ကာမတ္တဖွဲ့စည်းခြင်း မဟုတ်ဘဲ မိမိတို့၏ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် စွမ်းဆောင်ရယူနိုင်ကြပါစေကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကိုးကား –**

**သမဝါယမနိဒါန်း၊ ရေးသူ–ဦးလှမောင်၊ ဒုတိယအကြိမ်ပုံနှိပ်ခြင်း၊ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ**

## လားရှိုးမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းဆောင်ရွက်

**လားရှိုး ဇွန် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ယမန်နေ့က ရပ်ကွက်(၁) အတွင်းရှိ နေအိမ်များသို့ကွင်းဆင်းကာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးမွန်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ နယ်မြေအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ရပ်ကွက်(၁) နယ်မြေ (၇) အတွင်းရှိ နေအိမ်များသို့ ကွင်းဆင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ကျန်ရှိသောရပ်ကွက်များတွင်လည်း သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ကျော်စိုး**

## အလင်းဆောင်မယ့် သက်တံရောင်

❖ လောကကြီးကို တည်ဆောက်ရေး
ပိုင်းဝန်းဆွေးနွေး အဖြေရှာ
ညီညီညာညာ ပေါင်းကာစု
လူထုအားကိုး အခြေပြု။
❖ လူမှုစီးပွား ဖွံ့ဖြိုးရန်
ညီညွတ်မှုကို အခြေခံ
စိတ်ဆန္ဒတူ ပါဝင်ရေး
သ/မ အသင်း ဖွဲ့စည်းပေး။
❖ သ/မ စနစ် သဘောမှာ
အများဆန္ဒ ထားရှိမှာ
ကြိုးပမ်းဆောင်ရွက် သွားနိုင်ရေး
ဦးဆောင်ကော်မတီ ဖွဲ့စည်းပေး
နည်းစနစ်ကို အခြေတည်
ရင်းနှီးငွေနှင့် လည်ပတ်မည်
အသင်းရှင်သန် တိုးတက်ရေး
ပူးပေါင်းဆောင်ရွက် အကြံပေး။
❖ အနာဂတ်ရဲ့ ဂုဏ်ထွန်းပြောင်
သက်တံရောင်နဲ့ အလင်းဆောင်
သ/မ စနစ် အောင်မြင်ရေး
ဝါ စိမ်း နီ ပြာ စီခြယ်ပေး
မြို့ရွာကျေးလက် ဖွံ့ဖြိုးရေး။

**ဖြိုးသဉ္ဇာကျော်(မြစ်သား)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများသင်တန်း တက်ရောက်ဖွင့်လှစ်ပေး

**ပုသိမ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်း (၂/၂၀၂၂) ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးတွင် စပါးအပါအဝင်သီးနှံစုံ ဧက ၈၁ သိန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ စိုက်ဧကပြည့်မီရေး၊ ပန်းတိုင် အထွက်နှုန်းရရှိရေး၊ အရည်အသွေး ကောင်းမွန်ပြီး ဘေးကင်းလုံခြုံစိတ်ချရသော သီးနှံများ ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ စိုက်ခင်းများတွင် ပိုးမွှားများ ကျရောက်လာပါက နှိမ်နင်းနိုင်ရန် ပိုးသတ်ဆေးများ အသုံးပြုကြရာတွင် ပိုးသတ်ဆေးဥပဒေအတိုင်း လိုက်နာ ဆောင်ရွက်စေရန်၊ ပိုးသတ်ဆေးနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းအန္တရာယ်ကို သိရှိနားလည်ပြီး စနစ်တကျ ကိုင်တွယ်သုံးစွဲတတ်စေရန်၊ ဘက်စုံသီးနှံ ကာကွယ်ရေး လုပ်ငန်းစဉ်တွင် ဓာတုနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်းကို ထိရောက်အောင်မြင်စေရန်နှင့် သဘာဝပတ်ဝန်းကျင် မပျက် ရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်ရေးရည်ရွယ်၍ ယနေ့သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး သင်တန်းဆရာမ ဒေါ်ဆိုင်းရော်က သင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းအား ယခုလ ၂၈ ရက်မှ ၃၀ ရက်အထိ ၃ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၂၅၅ ဦး တက်ရောက်ကြောင်းသိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် သွားလာမှုလွယ်ကူရေး သီပေါမြို့ စံပယ်လမ်း သံကူကွန်ကရစ်တံတား တည်ဆောက်

**သီပေါ ဇွန် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မြို့ပြသန့်ရှင်းသာယာရေး လုပ်ငန်းများကို ကဏ္ဍအလိုက် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး သီပေါမြို့၏ အလယ်ဗဟို အနောက်ရပ်ကွက် စံပယ်လမ်း ချောင်းကူးတံတား အရှည် ၃၅ ပေရှိ သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်း လုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည် ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ဆောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းတွင် တွေ့ရသည်။



အဆိုပါ စံပယ်ချောင်း သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်းအတွက် နိုင်ငံတော် ခွင့်ပြုငွေကျပ် ၅၂၀၀၀၀၀ သိန်းဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ဒေသခံများအတွက် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့အတွက်များစွာ အထောက်အကူပြုကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရန်ကုန်-မြဝတီလမ်းမကြီးပေါ်၌ ဂျိုင်း(ကော့ကရိတ်)တံတား တည်ဆောက်လျက်ရှိ



ရန်ကုန် - မြဝတီကားလမ်းပေါ်၌ ဂျိုင်း (ကော့ကရိတ်) တံတားကြီး တည်ဆောက်နေစဉ်။

**ရန်ကုန် ဇွန် ၂၈**

ကရင်ပြည်နယ် အမှတ်(၁) အာရှလမ်းမကြီးနှင့် အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်ရှိ ဂျိုင်းမြစ်ကိုဖြတ်၍ လေးလမ်းသွားဂျိုင်း (ကော့ကရိတ်) တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ကြီးကြပ်ကာ JICA ချေးငွေအစီအစဉ်ဖြင့် တည်ဆောက်လျက်ရှိသည်။

အဆိုပါတံတားကြီး ရန်ကုန် - မြဝတီ ကားလမ်းသည် အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးပေါ်တွင်တည်ရှိပြီး တံတားမှာအလျား မီတာ ၅၈၀၊ အကျယ် ၂၂ ဒသမ ၆၈ မီတာ လေးလမ်းသွားဖြစ်သည်။ ပင်မတံတားအပေါ်ထည်မှာ လှိုင်းတွန့်ပုံစံရှိသည့် သံမဏိကွန်ရက်ပြားများဖြင့် တည်ဆောက်ထားသော သုံးခန်းတွဲ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ကြိုးဆိုင်းတံတား အမျိုးအစားဖြစ်သည်။ တံတား၏ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၆၀ ဖြစ်ပြီး စီမံကိန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၈ ဘီလီယံဖြင့် ၂၀၁၉ ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ဂျိုင်း (ကော့ကရိတ်) တံတားဟောင်းသည် အရှည် ၃၆ မီတာ၊ ဘေလီသံပေါင်နှင့် သံပြားခင်းကြိုးတံတားဖြစ်သည်။ အဆိုပါ တံတားပေါ်တွင် နေ့စဉ်ဖြတ်သန်းသွားလာနေသော ယာဉ်အစီးရေ ၁၅၀၀ ခန့်ရှိသောကြောင့် ၂၀၁၀ ပြည့်နှစ်တွင် အကြီးစားပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၄၅ တန်မှ ၁၃ တန်အထိ လျှော့ချခဲ့ရသဖြင့် ယာဉ်ကြီးများမှာ ယာယီရေပေါ်တံတားမှသာ ဖြတ်သန်းခဲ့ရသည်။ ထို့ကြောင့် ယခုတည်ဆောက်လျက်ရှိသည့် ဂျိုင်း(ကော့ကရိတ်) တံတားကြီးပြီးစီးသွားပါက မြဝတီနယ်စပ်မှ သီလဝါ(သို့မဟုတ်) တမူး (သို့မဟုတ်) မူဆယ်အထိ သွားလာအသုံးပြုနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံရှိ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပို့ကုန်များ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသို့ သယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၅ | ၂၂၇၅ | ၂၂၆၀ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၅ | ၂၅၁၀ | ၂၇၇၅ |
| 95 Ron | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၆၀ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၁၀ | ၂၈၃၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၅ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၆၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၅၉၀ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၃၅ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၇၅ | ၂၈၉၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၅၉၀ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၃၅ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၇၅ | ၂၈၉၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၄ | ၂၁၇၉ |
| 95 Ron | ၂၂၀၁ | ၂၂၇၈ |
| HSD (500 ppm) | ၂၄၄၈ | ၂၅၂၇ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (10 ppm) | ၂၄၇၆ | ၂၅၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ထိန်သစ်ရပ်ကွက်နေ စိုးမိုးအောင်သည် ၎င်းအသုံးပြုသည့် “Soe Moe Aung” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အမှတ်(၄) ရပ်ကွက်နေ နီနီဝင်းသည် ၎င်းအသုံးပြုသည့် “Ni Ni Win” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လေးတိုင်စင်ကျေးရွာနေ သန်းရွှေသည် ၎င်းအသုံးပြုသည့် “Than Shwe” Facebook အကောင့်၊ ရေစကြိုမြို့နယ်နေ ကျော်ရဲနိုင်သည် ၎င်းအသုံးပြုသည့် “Kyaw Ye Naing” Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ကျော်မျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Kyaw Myo Win” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၅၀) ရပ်ကွက်နေ သန္တာစိုးသည် ၎င်းအသုံးပြုသည့် “Honey Soe” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် တီဇစ်ကျေးရွာနေ ဂန္ဓဝင်မိုးသည် ၎င်းအသုံးပြုသည့် “Ganawun Moe” Facebook အကောင့်၊ စစ်ဖြဲကျေးရွာနေ နှင်းမိုးလှိုင်(ခ)မိုးလှိုင်သည် ၎င်းအသုံးပြုသည့် “Moe Hlaing” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေကြာအင်း(၁) ရပ်ကွက်နေ လင်းဇာနည်ဇော်သည် ၎င်းအသုံးပြုသည့် “Linzarni Zaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်တွင်းကြီးမြို့နယ်၌ ကောက်စိုက်စက်ဖြင့် တောင်သူပညာပေး မိုးစပါးစိုက်ပျိုး

**တောင်တွင်းကြီး ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇၁) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် တောင်သူအသိပညာပေး မိုးစပါးစိုက်ပျိုးခြင်းကို ဝက္ကသေးအုပ်စု ကွင်းအမှတ်(၂၇၂၇) တောင်သူ ဦးမျိုးမင်းထွန်း၏ လယ်မြေကေသုံးကေ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် လယ်ယာလုပ်သားရှားပါးမှုပြဿနာကို တစ်ထောင့်တစ်နေရာမှ ဖြေရှင်းပေးနိုင်ခြင်း၊ စက်ဖြင့်စိုက်ပျိုးသဖြင့် တိကျပြည့်မီသော ကောက်ပင်အရေအတွက် စိုက်ပျိုးနိုင်ခြင်း၊ ပျိုးဗန်းမှ တိုက်ရိုက်စိုက်ပျိုးသဖြင့် ကောက်ပင်မနာခြင်း၊ ပျိုးသက်တမ်းနုချိန်စိုက်ပျိုးသဖြင့် ပင်ပွားနှုန်း ကောင်းမွန်ခြင်း၊ တစ်ကေတွင် မျိုးစေ့ရှစ်ပြည်သာကုန်သဖြင့် မျိုးစေ့ကုန်ကျမှု သက်သာခြင်း၊ တစ်ကေလျှင် တစ်နာရီခန့်သာစိုက်ပျိုးရသဖြင့် အချိန်ကုန်သက်သာခြင်း၊ စက်ဖြင့်စိုက်ပျိုးထားသောစပါးခင်းအား စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်မိုးသူက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှစ်ဦးလုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိ

**ဗန်ကောက် ဇွန် ၂၈**

ပင်လယ်ရပ်ခြားခရီးစဉ် သွားရောက်ခဲ့ပြီးနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် နှစ်ဦးဖြစ်သူ အနူတင် ချန်ဗီရာကူနှင့် ဂျူရင်လက်ခ်ဆာနာဗီဇစ်တို့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ဒေသတွင်း သတင်းမီဒီယာများတွင် ဇွန် ၂၈ ရက်က ဖော်ပြလိုက်သည်။

အနူတင်သည် ထိုင်းနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဝန်ကြီး တစ်ဦးဖြစ်ကာ ဂျူရင်သည်လည်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဖြစ်ပြီး နိုင်ငံရပ်ခြားမှ ပြန်လာပြီးနောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာတွင် ကျင်းပခဲ့သည့် အကြိမ် (၅၀) မြောက် UNAIDS အစီအစဉ်၏ ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့အစည်းအဝေး တက်ရောက်ခဲ့ပြီးနောက် အနူတင်သည် ထိုင်းနိုင်ငံသို့ ဇွန် ၂၆ ရက်က ပြန်ရောက်လာခဲ့သည်။ ထို့အတူ ဂျူရင်သည်လည်း ဗြိတိန်ခရီးစဉ်မှ ပြန်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်။

အနူတင်သည် ကြွက်သားများနာကျင်ခြင်းနှင့် လည်ချောင်းနာခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဂျူရင်သည် နေအိမ်မှ လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းသည် ပါးစပ် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရမည့် ညွှန်ကြားချက်ကြောင့်မဟုတ်ကြောင်း ဂျူရင်က ပြောသည်။

နှစ်ဦးစလုံးကို တစ်ပတ်ကြာသီးသန့်ခွဲခြားနေထိုင်ရန် အကြံပြုထားကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။



ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင် ချန်ဗီရာကူ။



ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဂျူရင်လက်ခ်ဆာနာဗီဇစ်။

ဇွန် ၂၈ ရက်တွင် ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၆၁ ဦးရှိပြီး နောက်ထပ် ၁၃ ဦး ထပ်မံသေဆုံးကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြသည်။

ဆင်ဟွာ

# နေတိုးအစည်းအဝေးကို စပိန်နိုင်ငံ မက်ဒရစ်တွင် နှစ်ရက်ကြာ ကျင်းပသွားမည်

**မက်ဒရစ် ဇွန် ၂၈**

မြောက်အတ္တလန္တိတ်စာချုပ် အဖွဲ့ (နေတိုး) အစည်းအဝေးကို စပိန်နိုင်ငံ မြို့တော် မက်ဒရစ်တွင် ဇွန် ၂၉ ရက်မှစကာ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဖွဲ့ဝင် ၃၀ နိုင်ငံမှ ခေါင်းဆောင်များသာမက ဖင်လန်နှင့် ဆွီဒင်တို့မှ ခေါင်းဆောင်များလည်း ပါဝင်တက်ရောက်မည်ဖြစ်သည်။ ထို့အပြင် ဂျပန်နိုင်ငံ အပါအဝင် အာရှ - ပစိဖိတ်နိုင်ငံများလည်း တက်ရောက်မည်ဖြစ်သည်။



နေတိုးအစည်းအဝေးကို ကြိုဆိုသည့် ပုံရိပ်တစ်ခုကို တွေ့ရစဉ်။

အဆိုပါ အစည်းအဝေးတွင် လာမည့် ဆယ်စုနှစ်အတွက် မဟာမိတ်နိုင်ငံများ၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို လမ်းညွှန်ပေးမည့် မဟာဗျူဟာသစ်များကို ချမှတ်သွားမည်ဟု မျှော်လင့်ရသည်။

အရှေ့ပိုင်း ဥရောပတွင် ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်သွားရန် သဘောတူမှုရရှိမည်ဟု မျှော်လင့်ရသည်။

နေတိုးသည် အာရှ - ပစိဖိတ်ဒေသရှိ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်လည်း ကြေညာလိမ့်မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ကနေဒါတွင် Monkeypox ရောဂါ ကူးစက်ဖြစ်ပွားသူ ၂၃၅ ဦးရှိ

**အော့တဝါ ဇွန် ၂၈**

ကနေဒါတွင် ဇွန် ၂၄ ရက်အထိ Monkeypox ရောဂါကူးစက်ဖြစ်ပွားသူ ၂၃၅ ဦးရှိကြောင်း ပြည်သူ့ကျန်းမာရေးအေဂျင်စီက ထုတ်ပြန်ကြေညာလိုက်သည်။

ကြေညာချက်တွင် ကျန်းမာရေးအေဂျင်စီက အဆိုပါရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်ကို အတည်ပြုဖော်ပြထားသည်။ ၎င်းတို့ထဲတွင် ဗြိတိသျှကိုလံဘီယာမှ နှစ်ဦးနှင့် အယ်လ်ဘာတာမှ လေးဦး၊ အွန်တာရီယိုမှ ၄၅ ဦးနှင့် ကွီဘက်မှ ၁၈၄ ဦးတို့ ဖြစ်ကြသည်။

ထုတ်ပြန်ကြေညာချက်အရ အမျိုးသားအဏုဇီဝဓာတ်ခွဲခန်းက Monkeypox သံသယရှိသူများကို စစ်ဆေးလျက်ရှိသည်။ ထို့အတူ ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကလည်း ရောဂါကူးစက်ဖြစ်ပွားမှုများကို စစ်ဆေးလျက်ရှိပြီး ကူးစက်ဖြစ်ပွားမှုဆိုင်ရာ စီမံခန့်ခွဲမှုများ ပြုလုပ်လျက်ရှိသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လေးထပ်တိုက်ပြိုကျမှုကြောင့် သေဆုံးသူ ၁၄ ဦးအထိ တိုးလာ

**မွမ်ဘိုင်း ဇွန် ၂၈**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် လေးထပ်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဇွန် ၂၈ ရက် ညနေပိုင်းအထိ လုပ်ဆောင်ခဲ့သော်လည်း သေဆုံးသူ ၁၄ ဦးအထိ တိုးလာခဲ့သည်။

ပျက်စီး ယိုယွင်းနေသော အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ လူအတော်များများ အဆောက်အအုံအပျက်အစီးများကြားတွင် ပိတ်မိနေခဲ့သည်။

ဒဏ်ရာရရှိသူ ၂၇ ဦးအနက် ၁၄ ဦး သေဆုံးခဲ့ပြီး ကိုးဦးမှာ ဆေးကုသမှုခံယူပြီးနောက် ဆေးရုံမှ ဆင်းလာပြီဖြစ်ကြောင်းနှင့် ကျန်လေးဦးမှာ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း မွမ်ဘိုင်းမြူနီစီပယ်အဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဇွန်လမှ စက်တင်ဘာလအထိ ဖြစ်ပေါ်မည့် မိုးရာသီမတိုင်မီ မွမ်ဘိုင်းတွင် ပျက်စီးယိုယွင်းနေသော အဆောက်အအုံ ၃၃၇ လုံး ရှိကြောင်းနှင့် လွန်ခဲ့သောနှစ်က ၄၆၅ လုံး ပြိုကျခဲ့ကြောင်း မွမ်ဘိုင်းမြူနီစီပယ်အဖွဲ့က ပြောသည်။

အသက်ဆုံးရှုံးမှုများနှင့် ဥစ္စာပစ္စည်းဆုံးရှုံးမှုကို ကာကွယ်နိုင်ရန် မိုးရာသီမတိုင်မီ ပျက်စီးယိုယွင်းနေသော အဆောက်အအုံများကို နှစ်စဉ်စာရင်းကောက်ယူမှုများပြုလုပ်လျက်ရှိသည်။



အဆောက်အအုံပြိုကျရာ၌ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ကယ်ဆယ်ရေးလုပ်ငန်းများသည် မိုးရွာသွန်းမှုများကြောင့် နှောင့်နှေးလျက် ရှိကြောင်း အဆောက်အအုံအပျက်အစီးများအောက်မှ လူသုံးဦးကို ကယ်တင်နိုင်ခဲ့ကြောင်း သဘာဝဘေးဒုက္ခတုံ့ပြန်ရေးအသင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

ဆင်ဟွာ

# အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် ရွှေ့ပြောင်းအခြေချသူဟု ယူဆရသူ ၄၀ ကျော် သေဆုံးလျက်တွေ့ရှိ

**တက္ကဆက် ဇွန် ၂၈**

ထွန်စက်နောက်တွဲတွင် လူ ၄၀ ကျော် သေဆုံးမှုတစ်ခု အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုတွင် ဖြစ်ပွားကြောင်း ဒေသတွင်းမီဒီယာတွင် ဖော်ပြထားသည်။

အဆိုပါ ထွန်စက်နောက်တွဲကို ဆန်အန်တိုနီယိုမြို့တောင်ဘက် မြို့စွန်ရထားလမ်းဘေးတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

တရားဝင်စာရွက်စာတမ်း မတင်ပြနိုင်သည့် ရွှေ့ပြောင်းအခြေချသူဟု သံသယရှိသည့် သေဆုံးသူ ၄၆ ဦးကို ထွန်စက်နောက်တွဲတွင် တွေ့ရှိခဲ့ကြောင်း ပြည်တွင်းမီးသတ်ဦးစီးဌာန အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားပြီး သတင်းများတွင် ဖော်ပြထားသည်။

တခြား ၁၅ ဦးကို ဒေသဆေးရုံသို့ ပို့ဆောင်ကယ်ဆယ်ထားသည်။ ၎င်းတို့အနက် ငါးဦးမှာ စိုးရိမ်ရသောအခြေအနေတွင်ရှိကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

ဆန်အန်တိုနီယိုတွင် ရွှေ့ပြောင်းအခြေချသူ ၄၆ ဦး သေဆုံးခဲ့ကြောင်း၊ ၎င်းတို့အားလုံးသည် ပိုမိုကောင်းမွန်သည့်ဘဝကို မျှော်လင့်ခဲ့ကြကြောင်း ခရစ်ယာန်ဂိုဏ်းချုပ်ဆရာ ဂူစတာဗိုက တွစ်တာတွင်ဖော်ပြခဲ့သည်။

ဆင်ဟွာ

# (၃၄)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၈**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၄)ကြိမ်မြောက် မြန်မာ – ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ဒုတိယခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat တို့က အမှာစကားများ ပြောကြားပြီး နှစ်နိုင်ငံ အဖွဲ့ဝင်များက အပြန်အလှန်မိတ်ဆက်ကြသည်။

ထို့နောက် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ယင်းနောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ခိုင်လင်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး Gen. Satorn Sireyanon နှင့် မြန်မာ–ထိုင်းနယ်ခြားကော်မတီ အဖွဲ့ဝင်များက (၃၃)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး မှတ်တမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှု တည်ဆောက်ခြင်းဆိုင်ရာကိစ္စ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စနှင့် အခြားကိစ္စရပ်များအား ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ



**နေပြည်တော် ဇွန် ၂၈**
၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မောရဝတီရေတပ်စခန်းဌာနချုပ် စက်ပစ်ကွင်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား မောရဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇော်ဇော်လတ်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဌာနချုပ်မှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေး ဌာနချုပ်အသင်းတို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇွန် ၂၃ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လယ်ပြင် ငါးဖမ်းလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်

**ပေါက်တော ဇွန် ၂၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပေါက်တောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ပင်လယ်ပြင် ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန တာဝန်ခံ ဦးမောင်တင်က ပင်လယ်ပြင် ငါးဖမ်းရေလုပ်သားများ ပင်လယ်ပြင်ခရီးဆိုင်ရာ အသက်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ငါးဖမ်းစက်ကိရိယာဆိုင်ရာ ကိစ္စရပ်များ၊ ရေလုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရေသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ငါးလုပ်ငန်းနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများ၊ ဘေးအန္တရာယ်ကျရောက်ဖြစ်ပေါ်လာပါက ထိခိုက်မှုနည်းပါးစေရန်နည်းလမ်းများ စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဆေးဘူးအသုံးပြုမှုများကို လည်းကောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ရှေးဦးပြုစုလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးဆွေးနွေးကြသည်။ အဆိုပါ သင်တန်းသို့ ပေါက်တောမြို့ပေါ်ရှိရပ်ကွက်များမှ ရေလုပ်သား ၂၀ တက်ရောက်ပြီးသင်တန်းကို စာတွေ့လက်တွေ့ နှစ်ရက်ကြာ သင်ကြားပို့ချဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**







# ဖြူးမြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖြူး ဇွန် ၂၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စိမ်းလန်းစိုပြည်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်က ငမြွေဆည်အနီးရှိ ဖြူးကွန်း (၁) ကြိုးပြင်ကာကွယ်တော တောင်ကုန်းပေါ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးမင်းကိုကိုက ပျိုးပင်များကို လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျွန်းပင် ၄၀၀၊ ပိတောက်ပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ သင်းဝင်ပင် ၅၀၊ ယမနေပင် ၅၀၊ သစ်ယာပင် ၅၀၊ အင်ပင် ၅၀၊ ကုက္ကိုပင် ၅၀၊ မန်ကျည်းပင်... မန်ဂျန်ရှားပင် ၅၀ စုစုပေါင်း သစ်ပျိုးပင် ၈၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံများ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ဇွန် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၅ ရာခိုင်နှုန်းရှိ

(၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ် – ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် – ၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၆၁,၆၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၅၇၇) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၃၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ် – ၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၈-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၃) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၆၂) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၀၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၄၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၂၉) ခု | (၆) ဦး |
| စုစုပေါင်း | (၆,၁၁၅) ခု | (၉) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

---

MINISTRY OF HEALTH

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်းကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

---

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဇွန် ၂၈ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီသုံးခုမှ Sitcom Tablet ခု ၃၀၀၀၊ Teno–fovir Disoproxil Fumarate Tablet ခု ၅၀၀၀၊ Ktrom Inject–ion ၈၃၅၅ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၄၉၄ မျိုး စုစုပေါင်း ၅၇၅၃၃ ဒသမ ၂၄ Kg၊ နယ်စပ်(ချင်းရွှေဟော်) တွင် ကုမ္ပဏီတစ်ခုမှ PPE ခု ၂၆၈၅ ၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇွန် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂) နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၅၀၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၇၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၂၁၄၅ ဦး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၁၁၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၈၇၀၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၁၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှု မဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

နေပြည်တော် ဇွန် ၂၈

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသားကျောင်းသူ ဆရာ၊ မိဘများအား အထိတ်တလန့် ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ၊ ပညာရေးအဆောက်အအုံများ မိုင်းဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။


ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၂၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာရှိကျောင်းသား ကျောင်းသူ ၁၉၆ ဦး ပညာသင်ကြားလျက်ရှိသည့်အခြေခံပညာအထက်တန်းကျောင်းအရှေ့ ခြံစည်းရိုး အုတ်တံတိုင်းအနီး၌ အကြမ်းဖက်သမားများက လက်လုပ်အသံမိုင်း တစ်လုံး ဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။



ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအရှေ့ ခြံစည်းရိုး အုတ်တံတိုင်းအနီး၌ လက်လုပ်အသံမိုင်း တစ်လုံး ပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ဇွန် ၂၇ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ထန်းသုံးပင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ခြိမ်းခြောက်စာများ ရေးသားထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်း ငွေအောကာအဆောင်ရှိ ၁၀ တန်း A ခန်းနှင့် B အခန်းကြား ဆရာ ဆရာမများ နားနေဆောင်ရှေ့ ကွန်ကရစ်လျှောက်လမ်းပေါ်တွင် အုတ်ခဲကျိုးအပိုင်းအစဖြင့် ရေးသားထားသည့် ခြိမ်းခြောက်စာများ တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၈ ရက် နံနက် ၆ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ညင်းထွေးကျေးရွာနေ ညင်းထွေး အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန် (၅၃) နှစ် (ဘ) ဦးဘဖြင့်၏ နေအိမ်သို့ ခြိမ်းခြောက်စာ ပို့သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်ရှေ့ ၁၀ ပေခန့်အကွာ ခြံစည်းရိုးအနီးတွင် ပလတ်စတစ် အဖြူရောင်အိတ်ဖြင့် ထည့်ထားသော ခြိမ်းခြောက်စာ တစ်စောင်နှင့် ၅.၅၆ ကျည်တစ်တောင့်ကို တွေ့ရှိရသဖြင့် သိမ်းဆည်း ရှင်းလင်းခဲ့ကြောင်း သိရသည်။



တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ ကျောင်းအုပ်ဆရာမကြီး တစ်ဦးအား ခြိမ်းခြောက်စာ ပေးပို့သွားမှု။

အထက်ပါဖြစ်စဉ်မှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း မပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များကို ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ချောင်းဦးမြို့နယ် မုံရွာ - မန္တလေး ကားလမ်းပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာများစွာရရှိ

နေပြည်တော် ဇွန် ၂၈

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာ နေထိုင်သော ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့် လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာ ရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ထောင်ကာဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များကြောင့် ဇွန် ၂၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ ထိခိုက်ဒဏ်ရာများ ရရှိထားသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ချောင်းဦးမြို့၊ ချောင်းဦးမြောက်ရပ်ကွက်နေ ဒေါ်ခင်ငြိမ်းမြတ် (၂၉) နှစ် (ဘ) ဦးဝင်းကိုတွင် ယာလက်ဖျံ မိုင်းစထိမှန် ဒဏ်ရာ တစ်ချက်၊ ယာခြေသလုံး မိုင်းစထိမှန်ဒဏ်ရာ တစ်ချက်၊ မုံရွာမြို့ အောင်ချမ်းသာ ရပ်ကွက်နေသူများ ဖြစ်ကြသည့် မောင်ဖိုးချဲ (၁၇) နှစ် (ဘ) ဦးဇော်ခင်တွင် ဝဲပေါင်မိုင်းစထိမှန် အရိုးကျိုးဒဏ်ရာ နှစ်ချက်၊ ဝဲဒူးပွန်းပဲ့ဒဏ်ရာ တစ်ချက်နှင့် မဝင်းဝင်းခိုင် (၁၇) နှစ် (ဘ) ဦးညိုဝင်းတွင် ဝဲတင်ပါး မိုင်းစထိမှန် ဒဏ်ရာ တစ်ချက်၊ ဦးခေါင်းနောက်စေ့ မိုင်းစထိမှန် ဒဏ်ရာ တစ်ချက်၊ ဝဲပေါင်ရိုးကျိုးဒဏ်ရာ တစ်ချက်တို့ ရရှိထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အား စိစစ်ခဲ့ရာ မောင်ဖိုးချဲနှင့် မဝင်းဝင်းခိုင်တို့ နှစ်ဦးသည် ဆိုင်ကယ်တစ်စီးဖြင့် ချောင်းဦးမြို့မှ မုံရွာမြို့သို့ လည်းကောင်း၊ မခင်ငြိမ်းမြတ်သည် ဆိုင်ကယ်တစ်စီးဖြင့် ဆိုင်ကယ်ဆီဖြည့်ရန်လည်းကောင်း အသီးသီး မောင်းနှင်လာစဉ် ချောင်းဦးမြောက်ရပ်ကွက် မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် ၇၀ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံအကြားသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့များ တိုက်ခိုက်ရန် ရည်ရွယ်၍ ထောင်ထားသည့် ဒေသန္တရလုပ် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဒေါ်ခင်ငြိမ်းမြတ် (ဒဏ်ရာရ)



ဖိုးချဲ (ဒဏ်ရာရ)



မဝင်းဝင်းခိုင် (ဒဏ်ရာရ)

ချောင်းဦးမြို့ ချောင်းဦးမြောက်ရပ်ကွက် မုံရွာ - မန္တလေးကားလမ်းဘေး၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့၏ မှတ်တမ်းဓာတ်ပုံ။

အထက်ပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အများပြည်သူ သွားလာ အသုံးပြုလျက်ရှိသည့် လမ်းမပေါ်တွင် စစ်ရေးစခန်းမှတ် မဟုတ်သည့် အရပ်သူအရပ်သားများကို ထိခိုက်ဒဏ်ရာရရှိစေရန် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်းရှိ ငါးဖမ်းလှေတစ်စင်းပေါ်မှ ငွေကျပ် သိန်း ၂၅၀၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ





မူးယစ်ဆေးဝါးသယ်ဆောင်လာသော စက်လှေနှင့် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ။

နေပြည်တော် ဇွန် ၂၈

ရခိုင်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် မသင်္ကာဖွယ် စက်လှေတစ်စင်း တွေ့ရှိသဖြင့် စစ်ဆေးရန်အတွက် မီးအချက်ပြ ခေါ်ယူခဲ့သော်လည်း စက်လှေမှာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မြေပုံမြို့နယ် ကျွန်းသာယာ အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာသို့အရောက်၌ လှေသားများမရှိတော့သော အဆိုပါစက်လှေကို တွေ့ရှိခဲ့သည်။

အဆိုပါ စက်လှေကို သွားရောက်စစ်ဆေးခဲ့ရာ အလျား ၆၇ ပေ၊ အနံ ၁၉ ပေ၊ ရေစူး ၁၀ ပေခန့်ရှိ ငါးဖမ်းစက်လှေဖြစ်ကြောင်းသိရှိရပြီး စက်လှေပေါ်မှ ငါးဖမ်းပိုက်များဖြင့် ဖုံးအုပ်ထားသည့် ICE မူးယစ်ဆေး ဆာလာအိတ် တစ်အိတ်လျှင် ၂၀ ကီလိုဂရမ်ပါ အိတ် ၅၀ (စုစုပေါင်းခန့်မှန်း တန်ဖိုး ငွေကျပ်သိန်း ၂၅၀၀၀ ကျော်) ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် စက်လှေနှင့် မူးယစ်ဆေးဝါးများကို ကျောက်ဖြူမြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

ဇွန် ၂၅ ရက်တွင် ရန်နိုင်ထူး (ခ) နဂါးလေး ကို ထန်းတပင်မြို့နယ် တူးချောင်း ကျေးရွာအုပ်စု ရေတလိကျေးရွာတွင် လည်းကောင်း၊ ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ဇင်ကိုဦး၊ ချစ်မိုး (ခ) ကျော်သက်ဝေ၊ စန်းလွင်တို့ကို လှိုင်သာယာမြို့နယ်တွင် လည်းကောင်း ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖြစ်သည်။

**ဖောက်ခွဲရေးပစ္စည်းများ ဖမ်းမိ**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၂၆ ရက် ညပိုင်းတွင် BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် ရှုမောင်မောင်အောင်၊ ၎င်းနှင့် တရားမဝင် ပေါင်းသင်းနေသူ သင်းရန့်လှိုင်၊ ထက်လင်းနိုင်၊ ၎င်းနှင့် တရားမဝင် ပေါင်းသင်းနေသူ အေးသီရိမိုး၊ ဝေယံဖြိုး၊ ၎င်းနှင့် တရားမဝင် ပေါင်းသင်းနေသူ ဇွန်ပွင့်ခင်ဦး၊ ကျော်ဇင်သိန်း၊ ၎င်းနှင့် တရားမဝင် ပေါင်းသင်းနေသူ ဖြူဖြူသွယ်၊ ကောင်းဆက်သူ၊ ၎င်းနှင့်တရားမဝင် ပေါင်းသင်းနေသူ ခင်သန္တာလွင်နှင့် ဝေယံမိုးဦး (ခ) ဂျင်မီတို့ ၁၁ ဦးသည် ရွှေပြည်သာမြို့နယ်ရှိ တိုက်ခန်း၌ ပါတီပွဲကျင်းပ၍ မူးယစ်သောက်စားနေစဉ် Sigsauer ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ပွိုင့်-၃၈၀ ကျည်အတောင့် ၅၀၊ လက်လုပ်မိုင်း ၇၀၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ ငါးဂါလန်ဆံ့ အက်စစ်ပုံး သုံးပုံး၊ နှစ်ဂါလန်ဆံ့ အက်စစ်ပုံး နှစ်ပုံး၊ Keypad ဖုန်း တစ်လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ခင်သန္တာလွင်၏ ထွက်ဆိုချက်အရ သာကေတမြို့နယ် အမှတ် (၂) ရပ်ကွက် စာတိုက် (၂) လမ်း အိမ်အမှတ် (ခ/၁၆) မှ လက်လုပ်မိုင်း ငါးလုံးနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်တွင် တရားခံ ကျား ၁၃ ဦး၊ မ ၅ ဦး စုစုပေါင်း ၁၈ ဦးတို့ကို Sigsauer ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ပွိုင့်-၃၈၀ ကျည်အတောင့် ၅၀၊ လက်လုပ်မိုင်း ၇၅ လုံး၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ ငါးဂါလန်ဆံ့ အက်စစ်ပုံး သုံးပုံး၊ နှစ်ဂါလန်ဆံ့ အက်စစ်ပုံး နှစ်ပုံး၊ Keypad ဖုန်း တစ်လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ရှုမောင်မောင်အောင်သည် KNLA တပ်မဟာ(၃) နယ်မြေ၌လည်းကောင်း၊ ဝေယံဖြိုး၊ ဝေယံမိုးဦး (ခ) ဂျင်မီနှင့် ခင်သန္တာလွင်တို့သည် တိုက်ကြီးမြို့နယ်အနီးရှိတောတွင်းတစ်နေရာ၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

BFRAF အမည်ခံအကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

➢ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ကျောက်တံတားမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးအား လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

➢ ဖေဖော်ဝါရီ ၁ ရက်တွင် သာကေတ မြို့နယ် ရန်အောင် ရပ်ကွက်၌ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

**သတင်းပေးတိုင်ကြားနိုင်**

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများ အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် BFRAF အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု**






၂၀၂၂ ခုနှစ် ဇွန်လ ၂၆ ရက်တွင် သာကေတမြို့နယ် အမှတ်(၂) ရပ်ကွက် စာတိုက် (၂) လမ်း အိမ်အမှတ် (ခ/၁၆) ၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ်၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများမှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ကျောက်တံတားမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် သာကေတ မြို့နယ် ရန်အောင်ရပ်ကွက်၌ လက်လုပ်မိုင်း တွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# အဂတိလိုက်စားမှုများကို တိုက်ဖျက်ဖို့ အကျိုးစီးပွားပဋိပက္ခများ တားဆီးစို့

လင်းလက်

**အကျိုးစီးပွားပဋိပက္ခ**

အကျိုးစီးပွား ပဋိပက္ခဆိုသည်မှာ "မည်သူမဆို ရာထူးတာဝန်အရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို အသုံးပြုကာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းတို့တွင် "ကိုယ်ကျိုးစီးပွားကို" ဦးတည်သော ပြုမူဆောင်ရွက်မှုများ ပြုမူလုပ်ဆောင်သည့်အခြေအနေကို ဆိုလိုသည်" ဟု အောက်စ်ဖို့ဒ်အဘိဓာန်တွင် ဖော်ပြထားပါသည်။ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ အများပြည်သူအကျိုးစီးပွားအတွက် ဝန်ဆောင်မှုပေးရန် လုပ်ပိုင်ခွင့်အပ်နှင်းခံရသူများဖြစ်ရာ "အများပြည်သူအကျိုးစီးပွား" (Public Interest) အတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်ကို **"ကိုယ်ကျိုးစီးပွား"** (Private Interest) နှင့် ဆက်နွယ်ဆောင်ရွက်ခြင်းဖြင့် အကျိုးစီးပွား ဝိရောဓိပဋိပက္ခအခြေအနေကို ဖြစ်ပေါ်စေပါသည်။

**နိုင်ငံတကာလိုက်နာပြဋ္ဌာန်း**

အကျိုးစီးပွား ပဋိပက္ခအခြေအနေများမှသည် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေတတ်ရာ နိုင်ငံတိုင်းတွင် မိမိနိုင်ငံနှင့် သင့်လျော်သည့်စနစ်ဖြင့် အကျိုးစီးပွားပဋိပက္ခ တားဆီးထိန်းချုပ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအပိုဒ် ၇ အပိုဒ်ခွဲ ၄ တွင် "အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှုများကို တိုက်ဖျက်နိုင်ရန်အတွက် ပွင့်လင်းမြင်သာမှုကို အားပေးမြှင့်တင်၍ ပြည်သူနှင့် ကိုယ်ကျိုးအကျိုးစီးပွား ပဋိပက္ခဖြစ်မှုများကို တားဆီးကာကွယ်သည့် နည်းလမ်းများကို ချမှတ်အကောင်အထည်ဖော်ရန်နှင့် ခိုင်မာအားကောင်းစေရန် ကြိုးပမ်းဆောင်ရွက်ရမည်" ဟု တိုက်တွန်းပြဋ္ဌာန်းထားပါသည်။

ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့အစည်းတို့ ပူးပေါင်းထုတ်ဝေသည့် "အများပြည်သူဆိုင်ရာ ကဏ္ဍအတွင်းဖြစ်ပေါ်လေ့ရှိသည့် အကျိုးစီးပွားပဋိပက္ခများကို ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်" တွင် အကျိုးစီးပွားပဋိပက္ခများ ထိန်းချုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို (၁) နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း၊ (၂) ပြစ်မှုဆိုင်ရာဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း၊ (၃) ကျင့်ဝတ်များအဖြစ် ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် (၄) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းတို့ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါသည်။

**တောင်ကိုရီးယားဥပမာ**

တောင်ကိုရီးယားနိုင်ငံတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များအနေဖြင့် ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းလုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ အရာရှိများအတွက် ကျင့်ဝတ်လိုက်နာစေရေး ဆောင်ရွက်မှုများနှင့် ပြည်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထူးခြားမှုတစ်ခုအနေဖြင့် **"ပြည်သူ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အကျိုးစီးပွားပဋိပက္ခဖြစ်မှု တားဆီးကာကွယ်ရေး အက်ဥပဒေ"**ကို ၂၀၂၁ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။ အဆိုပါဥပဒေသည် ၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခဲ့ပြီး အများပြည်သူဆိုင်ရာအရာရှိ ၂ သန်းခန့်၏ လုပ်ငန်းဆောင်ရွက်မှုများတွင် အကျိုးစီးပွားပဋိပက္ခဖြစ်မှုများကို တားဆီး ကာကွယ်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့သည်ဟု သိရှိရပါသည်။

> ❍ **အကျိုးစီးပွားပဋိပက္ခအခြေအနေဆိုသည်မှာ အများပြည်သူဆိုင်ရာကဏ္ဍတွင်သာမက ပုဂ္ဂလိကကဏ္ဍတွင်ပါ ဖြစ်ပေါ်နိုင်ပါသည်။ သို့ရာတွင် အများပြည်သူဆိုင်ရာကဏ္ဍရှိ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူများအကြား ပေါင်းကူးတံတားများဖြစ်သကဲ့သို့ နိုင်ငံတော်အပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုခိုင်မာစေရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အဓိကအရေးကြီးသည့် နယ်ပယ်တစ်ခုဖြစ်သဖြင့် နိုင်ငံတကာက အလေးထားဆောင်ရွက်နေသကဲ့သို့ သက်ဆိုင်ရာအစိုးရများအနေဖြင့်လည်း အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိ**

**ဥပဒေပါ ပြဋ္ဌာန်းချက်များ**

ကိုရီးယားနိုင်ငံ၏ အကျိုးစီးပွားပဋိပက္ခဖြစ်မှု တားဆီးကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၃(က)၊ (ခ) နှင့် (ဂ) တို့တွင် နိုင်ငံတော်အနေဖြင့် ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်မှုများတွင် ကိုယ်ကျိုးစီးပွားဦးတည်ခြင်းမရှိဘဲ မျှတစွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းခွင်အခြေအနေများကို ဖန်တီးပုံဖော်ပေးရန်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း အကျိုးစီးပွားပဋိပက္ခ အခြေအနေများကို တားမြစ်ထိန်းချုပ်နိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် ပုဒ်မ ၄ (က)၊ (ခ) နှင့် (ဂ) တို့တွင် ပြည်သူ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်မှုများတွင် မျှတစွာ ဆောင်ရွက်ခြင်းကို လွှမ်းမိုးစေနိုင်သည့် အကျိုးစီးပွားပဋိပက္ခအခြေအနေများကို ရှောင်ရှားရန်၊ ဘက်လိုက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများ မရှိရန်နှင့် အကျိုးစီးပွားပဋိပက္ခဖြစ်မှု အခြေအနေများကို ကြိုတင်ကာကွယ်သွားရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဟု ပြဋ္ဌာန်းထားပါသည်။

**သတင်းပို့စနစ်**

ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင် အကျိုးစီးပွားပဋိပက္ခဖြစ်မှုများကို တားဆီးကာကွယ်နိုင်ရေးအတွက် ပုဒ်မ ၅ တွင် "ပြည်သူ့ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင် အကျိုးစီးပွားပဋိပက္ခဖြစ်မှု အခြေအနေများရှိနေပါက သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းထံသို့ ၁၄ ရက်အတွင်း တင်ပြသွားရန်"၊ ပုဒ်မ ၆ တွင် "လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့် ဆက်စပ်သည့် အိမ်၊ ခြံနှင့် မြေဝယ်ယူမှုများရှိပါက သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းသို့ တင်ပြဆောင်ရွက်သွားရန်"၊ ပုဒ်မ ၇ တွင် "သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်း အကြီးအကဲအနေဖြင့် ပုဒ်မ ၅ နှင့် ၆ ပါ ပြဋ္ဌာန်းချက်များအရ တင်ပြချက်များအပေါ် စိစစ်ရာတွင် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုရှိသည်ဟု စိစစ်တွေ့ရှိရပါက အဆိုပါဝန်ထမ်းကို ရာထူးဆိုင်းငံ့ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အခြားဝန်ထမ်းတစ်ဦးနှင့် ပူးတွဲတာဝန်ထမ်းဆောင်စေခြင်းနှင့် လုပ်ငန်းတာဝန် ပြန်လည်သတ်မှတ်စေခြင်းတို့ ဆောင်ရွက်ရန်" နှင့် ပုဒ်မ ၈ နှင့် ၉တို့တွင် "အဆင့်မြင့်အရာရှိများ အနေဖြင့် ရာထူးတာဝန် ခန့်အပ်ခြင်းမခံရမီ ၃ နှစ်အတွင်း အခြားပုဂ္ဂလိက ကဏ္ဍတစ်ခုခုတွင် လုပ်ငန်းပါဝင်ဆောင်ရွက်ခြင်းနှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် ဆက်နွယ်ပတ်သက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ရှိပါက အဆင့်ဆင့်တင်ပြဆောင်ရွက်ရန်" သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

**တားမြစ်ချက်နှင့် ပြစ်ဒဏ်များ**

တားမြစ်ချက်များအနေဖြင့် ပုဒ်မ ၁၀ တွင် "ပြည်သူ့ဝန်ထမ်းများအနေဖြင့် ပုဂ္ဂိုလ်ရေး ရင်းနှီးမှု (ဆန္ဒာဂတိ) ဖြင့် ကူညီဆောင်ရွက်ပေးမှုများ၊ မိမိအလုပ်/ဌာနနှင့် သက်ဆိုင်သည့် အချက်အလက်များကို တတိယအဖွဲ့အစည်းတစ်ခုထံ ဖြန့်ဝေခြင်း၊ လုပ်ငန်း/ဌာနနှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းတစ်ခုတွင် အကျိုးအမြတ်ရှိနေခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်နေခြင်း၊ နိုင်ငံခြားအဖွဲ့အစည်း သို့မဟုတ် ဌာနတစ်ခုခုအတွက် ဆောင်ရွက်ပေးခြင်းနှင့် လုပ်ငန်း/ဌာနက စီမံ ခန့်ခွဲပိုင်ခွင့်ရှိသည့် အခြားဌာနအဖွဲ့အစည်းတစ်ခုခု၏ ရာထူးနေရာ ရယူထားခြင်း" တို့ကို တားမြစ်ထားပါသည်။ ပုဒ်မ ၁၃ တွင် "အများပြည်သူပိုင်ပစ္စည်း၊ စက်ယန္တရား၊ သင်္ဘော၊ လေယာဉ်၊ အဆောက်အအုံ၊ မြေ နှင့် အခြားပစ္စည်းများကို အသုံးပြု၍ ကိုယ်ကျိုးစီးပွားရှာမှုများ" နှင့် ပုဒ်မ ၁၄ တွင် "လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များကို မိမိကိုယ်ကျိုးအတွက် အသုံးပြုခြင်း" တို့ကို တားမြစ်ထားပါသည်။ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ဥပဒေပါ တားမြစ်ချက်များကို ချိုးဖောက်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲသည် ပုဒ်မ ၂၆ အရ စီမံခန့်ခွဲမှု ပြစ်ဒဏ်ဖြစ်စေ၊ ပုဒ်မ ၂၇ နှင့် ၂၈ တို့အရ အခြားပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်ပါသည်။

**နိုင်ငံ့ဝန်ထမ်းနှင့် အကျိုးစီးပွားပဋိပက္ခ**

အကျိုးစီးပွားပဋိပက္ခအခြေအနေဆိုသည်မှာ အများပြည်သူဆိုင်ရာကဏ္ဍတွင် သာမက ပုဂ္ဂလိကကဏ္ဍတွင်ပါ ဖြစ်ပေါ်နိုင်ပါသည်။ သို့ရာတွင် အများပြည်သူဆိုင်ရာကဏ္ဍရှိ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူများအကြား ပေါင်းကူးတံတားများဖြစ်သကဲ့သို့ နိုင်ငံတော်အပေါ် ပြည်သူလူထု၏ ယုံကြည်မှုပိုမိုခိုင်မာစေရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် အဓိကအရေးကြီးသည့် နယ်ပယ်တစ်ခုဖြစ်သဖြင့် နိုင်ငံတကာက အလေးထားဆောင်ရွက်နေသကဲ့သို့ သက်ဆိုင်ရာအစိုးရများအနေဖြင့်လည်း အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကျင့်ဝတ်များရေးဆွဲထားသင့်**

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်က ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ အခန်း (၆)၊ ပုဒ်မ ၁၁ (စ) တွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် "ရာထူး၊ ဌာန၊ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ ရောထွေးမှုမရှိစေရေး စောင့်ထိန်းရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသည့် ဝန်ကြီးဌာန/အဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းသဘောသဘာဝချင်း ကွဲပြားသဖြင့် သက်ဆိုင်ရာဌာနအလိုက် ကျင့်ဝတ်များ ရေးဆွဲထုတ်ပြန်ထားနိုင်မည်ဆိုပါက အကျိုးစီးပွား ပဋိပက္ခအခြေအနေများကို ပိုမိုထိရောက်စွာ တားဆီးနိုင်မည် ဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ကော်မရှင်ကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များ**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၂၄ တွင် "ကော်မရှင်အနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် (က) စွပ်စွဲတိုင်တန်းသည့် အကြောင်းအရာတွင် အကျိုးသက်ဆိုင်သူ၊ (ခ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူအပေါ် မလိုမုန်းတီးသူ၊ (ဂ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် ဆွေမျိုးတော်စပ်သူနှင့် (ဃ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်နေသူတို့ မပါဝင်ရ" ဟု ပြဋ္ဌာန်းထားပါသည်။ အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများ ဖြစ်ပေါ်လာစေခြင်းမရှိစေရန် ဥပဒေအရ ထိန်းချုပ်ထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ကျင့်ဝတ်တွင် ဖြောင့်မတ်တည်ကြည်မှုနှင့်စပ်လျဉ်း ၍ ငွေကြေးဆိုင်ရာ အကျိုးစီးပွား၊ နိုင်ငံတော်အရင်းအမြစ်များကို လွဲမှားစွာ စီမံခန့်ခွဲမှု၊ လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များကို အလွဲသုံးမှု၊ လက်ဆောင်များကို ပုဂ္ဂလိက အကျိုးအမြတ်ရရှိရန် အသုံးပြုခြင်းကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ဌာန၏ လုပ်ငန်းသဘောသဘာဝနှင့် ကိုက်ညီသော အကျိုးစီးပွား ပဋိပက္ခကို ထိန်းချုပ်နိုင်မည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းထားသည့် ကျင့်ဝတ်များ ရေးဆွဲဆောင်ရွက်နိုင်မည်ဆိုပါကလည်း အကျိုးစီးပွားပဋိပက္ခအခြေအနေကို အထိုက်အလျောက် ဟန့်တားနိုင်မည် ဖြစ်ပါသည်။

**နိုင်ငံတကာသင်ခန်းစာ**

မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်ကျိုးစီးပွားပဋိပက္ခပြုလုပ်မှုများကို နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း တားမြစ်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ကိုရီးယားနိုင်ငံ၏ အကျိုးစီးပွားပဋိပက္ခ တားဆီးကာကွယ်ရေးအက်ဥပဒေသည် အများပြည်သူဆိုင်ရာ ကဏ္ဍအတွင်း ဖြောင့်မတ်တည်ကြည်မှု မြင့်မားရေးနှင့် အကျိုးစီးပွားပဋိပက္ခ တားမြစ်ရေးတို့အတွက် ထိရောက်သည့် ဥပဒေပြဋ္ဌာန်းချက်တစ်ခုဖြစ်သဖြင့် ကိုရီးယားနိုင်ငံအပါအဝင် နိုင်ငံတကာမှ သင်ခန်းစာလေ့လာသင့်သည်များကို လေ့လာကာ မိမိတို့နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် "အဂတိပယ်ခွာ ပြည်သာယာ" ဆောင်ပုဒ်အတိုင်း အရှိန်မြှင့်တင် ဆောင်ရွက်သွားကြရန် လေ့လာတင်ပြလိုက်ရပါသည်။ ။


**ရည်ညွှန်းကိုးကားသည့် စာအုပ်စာစောင်များစာရင်း**

- နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ၊
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကျင့်ဝတ်၊
- Preventing and Managing Conflicts of Interest in the Public Sector, Good Prac–tices Guide (World Bank, OECD, UNODC)
- https://www.acrc.go.kr/en/

# ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ကုစားကြသူများစာအုပ် ဖြန့်ချိထား

ရန်ကုန် ဇွန် ၂၈

စာရေးဆရာမ ဒေါက်တာ ခင်စန်းမော် ရေးသားသည့် ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ကုစားကြသူများ စာအုပ်ထွက်ရှိနေပြီ ဖြစ်သည်။


အဆိုပါစာအုပ်မှာ စာရေးဆရာမ လူဝီး အယ် ဟေး ရေးသားသည့် MODERN-DAY Miracles စာအုပ်ကို ဘာသာပြန်ဆိုရေးသားထားခြင်းဖြစ်သည်။ စာအုပ်တွင် ဆရာမကြီး လူဝီး အယ် ဟေးနှင့် ပြောဆိုထိတွေ့ခဲ့ရမှုကြောင့် ဘဝကိုအကောင်းဘက်သို့ ပြောင်းလဲခဲ့ကြသည့် ကမ္ဘာတစ်ဝန်းမှ လူများ၏ ထူးထူးခြားခြား ပြောင်းလဲတိုးတက်လာမှုများနှင့် အံ့သြဖွယ်ရာ ဖြစ်ရပ်မှန်များကို စုစည်းပြီး ရေးသားထားခြင်းဖြစ်သည်။

ထို့ပြင် စာအုပ်ပါအကြောင်းအရာများကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူ၏ နေထိုင်မှုဘဝကို ထူးခြားသိသာစွာ တိုးတက်ပြောင်းလဲစေနိုင်သော လေ့ကျင့်ခန်းများနှင့် ခိုင်မာသောပြောဆိုချက်များကို သိမြင်လေ့လာနိုင်မည် ဖြစ်သည်။

စာအုပ်တွင် ကျန်းမာရေးနှင့် ဆက်နွှယ်သော အပိုင်း၊ နေ့စဉ်ဘဝအပိုင်းနှင့် စိတ်ခံစားမှုနှင့် အပြုအမူအပိုင်းတို့ဖြင့် အပိုင်းသုံးပိုင်းခွဲကာ ရေးသားထားသည်။

အဆိုပါစာအုပ်ကို Wisdom House စာအုပ်တိုက် လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့က တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း စာပေမိတ်ဆွေများအတွက် ညွှန်းဆိုလိုက်ပါသည်။

သတင်းစဉ်




# ကျွန်းလှမြို့နယ်၌ မိုးရာသီစိုက်ပျိုးရန် အရိပ်ရပျိုးပင်မျိုးစုံ ၅၆၀၀၀ ကျော် ဖြန့်ဝေ

ကျွန်းလှ ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတု ကောင်းမွန်မျှတရန်၊ ပြည်သူများ သစ်တောသစ်ပင်၏တန်ဖိုးကို သိရှိနားလည်စေရန်နှင့် ကိုယ်တိုင်ပါဝင် ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးရန် အရိပ်ရပျိုးပင်မျိုးစုံ ၅၆၀၀၀ ကျော် ဖြန့်ဝေကြောင်း ကျွန်းလှမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် (မိုးရာသီ) လူထုဖြန့်ဝေရန် ပျိုးပင်မျိုးစုံ ၃၀၀၀၀၊ ဒေသအစုအဖွဲ့ပိုင်သစ်တောများစိုက်ပျိုးရန် ပျိုးပင်မျိုးစုံ ၂၆၄၁၂ စုစုပေါင်း ပျိုးပင်မျိုးစုံ ၅၆၄၁၂ ကို ဖြန့်ဝေပေးပြီး အထူးပျိုးပင် ၄၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈- ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၆၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၅၀ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၈၀ ကျပ် | ၂၂၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၀ ကျပ် | ၂၃၂၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၅ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၇၁၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၃ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၇၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၈၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၅၀၀ | ၃၁ | ၂၃၂၅၀၀ |
| MTSH | ၂၆၀၀ | ၂၆၅၀ | ၈၅၂ | ၂၂၁၅၇၀၀ |
| MCB | ၇၂၀၀ | ၇၂၀၀ | ၄၃ | ၃၀၉၆၀၀ |
| FPB | ၁၈၀၀၀ | ၁၇၅၀၀ | ၂၀ | ၃၅၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁၂၁ | ၃၀၂၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၆-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၉:၄၀ မိုးရေကိုရွှေလိုစုလူပြုသည့်သည်ဆည်ကန် ကျိုင်းခမ်းရေလှောင်တမံ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား 'လွှတ်ချလိုက်ပါ'
- ၁၇:၁၅ ခေတ်အလိုက်ကြေးမုံမြင်
- ၁၇:၄၅ စစ်မီးငြိမ်းချိန် တန်ပါပြီ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ '(၃၀)ဖြာမင်္ဂလာ' (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ပဏ္ဍိတာနဉ္စသေဝနာ'
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအာဏာဆေး' (အပိုင်း-၂၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၀ (၂၂)ကြိမ်မြောက် ဆို၊က၊ရေး၊တီး ပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) 'မဟာဓနုက္ကဇာတ်တော်'
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၂၂)

**mitv**

- 07:02 Thatta Htar Na (Sein Lei Lei)
- 07:10 Myanmar Traditional Thatched Roofs: IN-LEAF
- 07:27 Enchanting Myeik
- 07:42 Discovering Tribes: Da Nu (Their Life and Customs) (Part-1)
- 08:01 Myanmar Sculpture-work of Art
- 08:16 Let's go to Hlawga Nature Park
- 08:36 Myanmar Weaving
- 08:48 A Snake Catcher
- 09:01 News
- 09:27 Global Partnership for Brighter Future: Mali Pavilion at Expo 2020 Dubai
- 09:34 On the River
- 10:01 Myanmar Chef (Japanese)

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** နှစ်(၁၀၀)ကျော်ရှိပြီဖြစ်တဲ့ကရင်ရိုးရာလုံချည်
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** တလာခူးရွာသို့အလည်သွားကြရအောင်
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဟင်းခတ်အမွှေးအကြိုင်
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ချင်းပြည်နယ်၏အလှအပများ
- **မွန် (၁၁:၀၀ မှ ၁၂:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁၀)
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ကြက်သားသုပ်နှင့်သင်္ဘောဥဟင်းရည်
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ထင်းရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၂) (ဇာတ်လမ်း)
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** ကျိုင်းတုံဆန်ပြုတ်ချက်နည်း
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ
- **ကယား (၂၀:၀၀ မှ ၂၁:၀၀)** ငှက်လိုက်ပွဲ
- **ဝကေးကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပွဲကိုင်ရှင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နဲ့ထိန်ချန်မှု'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၀၀ ဆန်စပါးကဏ္ဍတိုးတက်ဖို့ရေရှည်တည်တံ့သည့်စီးပွားဝန်းကျင်ဖော်ဆောင်စို့
- ၀၇:၃၅ သဘာဝအတိုင်းပုစွန်မွေးမြူခြင်းနှင့် သိပ္ပံနည်းကျပုစွန်မွေးမြူခြင်းလုပ်ငန်း
- ၀၈:၄၅ တောင်သူလယ်သမားများအတွက်စံပြကွက်
- ၀၈:၂၅ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၉:၅၀ တောင်သူ့ဘဝလုပဖို့လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းစို့

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် (Recruitment Point System)ဖြင့် ပဉ္စမအကြိမ်နှင့် ဆဌမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်(EPS-TOPIK , Computer Based Test ) စာမေးပွဲနှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)ကျင်းပပြုလုပ်ရန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် အမှတ်ပေးစနစ်ဖြင့် နိုင်ငံခြားသား အလုပ်သမားများခန့်ထားမှုစနစ် (Point System for recruitment of foreign workers)ကို မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ အမှတ်ပေးစနစ်ဖြင့်အလုပ်ခန့်ထားမည့်စနစ်တွင် အလုပ်လုပ်ကိုင်လိုသူ၏ ကျွမ်းကျင်မှု၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှင့် အတွေ့အကြုံများပါ စစ်ဆေးခြင်းဖြစ်ပြီး အထူးသဖြင့် မျက်စိအရောင်ခွဲခြားနိုင်မှုမရှိခြင်းနှင့် ကိုယ်လက်အင်္ဂါချို့ယွင်းချက် တစ်ခုခုရှိနေခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာအခြေအနေမျိုးတို့သည် စာမေးပွဲအောင်မြင်ခွင့်ရရှိမည်မဟုတ်ပါ။

၂၀၂၂ ခုနှစ်တွင်ကျင်းပမည့် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ် ပဉ္စမအကြိမ် **(ကုန်ထုတ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း)** နှင့် ဆဌမအကြိမ် **(စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း)** စာမေးပွဲ အစီအစဉ်ကို Covid-19 ရောဂါကူးစက်မှုအား ကာကွယ်သည့်အနေဖြင့် ကိုရီးယားဘာသာ အရည်အချင်းစစ်ဆေးခြင်း(EPS-TOPIK)နှင့် **အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test)တို့ကို တစ်ပါတည်း ကျင်းပဆောင်ရွက်မည်ဖြစ်ပြီး အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်းအနေဖြင့် ကိုယ်ကာယကြံ့ခိုင်မှု (အရပ်အမြင့်နှင့် ကိုယ်အလေးချိန်တိုင်းတာခြင်း)နှင့် အရောင်များအားခွဲခြားနိုင်စွမ်း ရှိ/မရှိ (Colour Blind) မျက်စိစစ်ဆေးခြင်းတို့ကိုသာ စစ်ဆေးသွားမည်**ဖြစ်ပါ၍ ထိုသို့ဆောင်ရွက်နိုင်ရန် အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည် -

၁။ **ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

| စဉ် | လုပ်ငန်းစဉ် | လုပ်ငန်းအမျိုးအစား | |
|---|---|---|---|
| | | ကုန်ထုတ် / ဆောက်လုပ်ရေး | စိုက်ပျိုးရေး/ မွေးမြူရေး |
| (က) | စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း၊ | ၇-၇-၂၀၂၂ မှ ၂၃-၇-၂၀၂၂ ထိ | |
| (ခ) | စာမေးပွဲကျင်းပမည့် စာစစ်ဌာန/ နေ့ရက်/ အချိန် ကြေညာခြင်း၊ | ၃-၈-၂၀၂၂ | ၁၂-၁၀-၂၀၂၂ |
| (ဂ) | ကိုရီးယားဘာသာအရည်အချင်း စစ်ဆေးခြင်း (EPS-TOPIK)နှင့် အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း(Skills Test)၊ | ၁၆-၈-၂၀၂၂ မှ ၁၅-၁၀-၂၀၂၂ ထိ | ၂၁-၁၀-၂၀၂၂ မှ ၂၃-၁၂-၂၀၂၂ ထိ |
| (ဃ) | စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း၊ | ၂၂-၁၀-၂၀၂၂ | ၃၀-၁၂-၂၀၂၂ |

**မှတ်ချက် ။ဖြေဆိုသူများရရှိသည့် ရမှတ် အများ၊ အနည်းအလိုက် အောင်မြင်မှုဦးရေ သတ်မှတ်ချက်အရ အောင်စာရင်းထုတ်ပြန်၍ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။**

၂။ **လုပ်ငန်းအမျိုးအစားအလိုက် အောင်မြင်မှုဦးရေ(ခန့်မှန်း)**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် | အောင်မြင်သူဦးရေ(ခန့်မှန်း) |
|---|---|---|
| ကုန်ထုတ်လုပ်ငန်း | အမှတ်ပြည့်(၁၀၀)အနက် အမှတ်(၅၅)နှင့်အထက် | ၇,၀၄၅ |
| ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၉၀)အနက် အမှတ်(၃၆)နှင့်အထက် ရရှိသူများအားအမှတ်အများ၊ အနည်းအလိုက် | ၁,၄၈၅ ၅၉၅ |
| **စုစုပေါင်း** | | **၉,၁၂၅** |

မှတ်ချက်။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင် အမျိုးအစားတစ်ခုကိုသာ (ဥပမာ "ကုန်ထုတ်လုပ်ငန်း"ဟု)ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြု ဖြည့်စွက်ရပါမည်။

၃။ **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်အတွက် လုပ်ငန်းအမျိုးအစားအလိုက် အမှတ်ပေး စည်းမျဉ်း**

| လုပ်ငန်းအမျိုးအစား | EPS-TOPIK ပေးမှတ် | အောင်မှတ် |
|---|---|---|
| ကုန်ထုတ် | ၁၀၀ မှတ် | ၅၅ မှတ် |
| ဆောက်လုပ်ရေး | ၉၀မှတ် | ၃၆ မှတ် |
| စိုက်ပျိုးရေး | ၉၀ မှတ် | ၃၆ မှတ် |

၄။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း၊
(၁၉၈၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အတွင်းမွေးဖွားသူ)

(ခ) ထောင်ဒဏ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန်တားမြစ်ခြင်းမခံရသူ၊

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ၊ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်)

(ဃ) E-9, E-10 ဗီဇာဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ၅ နှစ်နှင့်အထက် နေထိုင်ခဲ့သူများ စာမေးပွဲဖြေဆိုခွင့်မရှိပါ။

(င) ကျန်းမာရေးကောင်းမွန်သူ၊ အရောင်များ ကောင်းစွာခွဲခြား သိမြင်နိုင်စွမ်းရှိသူ။ (Colour Blind) မဟုတ်သူ၊ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

- စာမေးပွဲလျှောက်လွှာတင်သွင်းခြင်းကို online စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ စာမေးပွဲ လျှောက်လွှာတင်သွင်းနိုင်ရန် link (သို့မဟုတ်) QR Code ကို အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၏ Facebook "POEA-EPS" ၊ အလုပ်သမားဝန်ကြီးဌာန website "https:// www.mol.gov.mm နှင့် "Safe Migration" facebook တို့တွင် ရယူနိုင်မည်ဖြစ်ပြီး လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နိုင်ငံကူးလက်မှတ်(scanned passport)အားပူးတွဲတင်ပြရာတွင် file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး scanned passport အတွက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) File size - Under 100kb
(ခခ) Resolution - 600 Pixels.
(ဂဂ) File type - Jpg.

(၂) ဓာတ်ပုံပူးတွဲတင်ပြရာတွင် (၃)လအတွင်း ရိုက်ထားသည့်ဓာတ်ပုံဖြစ်ရမည်ဖြစ်ပြီး passport စာအုပ်ပါ ဓာတ်ပုံနှင့်ကွဲလွဲမှုရှိပါက စာမေးပွဲဖြေဆိုခွင့်ရရှိမည်မဟုတ်ပါ။ ပူးတွဲဓာတ်ပုံ၏ file name ကို Passport Number ဖြင့် သတ်မှတ်ပေးရမည်ဖြစ်ပြီး ပူးတွဲဓာတ်ပုံ၏ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) File size - Under 15 kb
(ခခ) Resolution - 100-300 Pixels.
(ဂဂ) File type - Jpg.
(ဃဃ) **ဓာတ်ပုံနောက်ခံအရောင် - အဖြူရောင်**

**(၃) စာမေးပွဲဖြေဆိုမည့်သူများ လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်အမှတ် အမျိုးအစား Passport for Visit (PV) သို့မဟုတ် Passport for Job (PJ) ဖြင့် ထုတ်ယူနိုင် ပါသည်။ သို့ရာတွင်အောင်စာရင်းထွက်ပြီး အလုပ်လျှောက်လွှာတင်သွင်းရာတွင် နိုင်ငံကူးလက်မှတ်အမျိုးအစား Passport for Job (PJ) ဖြင့်သာ လျှောက်လွှာလက်ခံမည်ဖြစ်ပါသည်။**

(၄) online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာတင်သွင်းရမည့် နည်းလမ်းအသေးစိတ်ကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၏ facebook POEA-EPS၊ ဝန်ကြီးဌာန၏ website https//www.mol.gov.mm နှင့် "Safe Migration" facebook တို့တွင် ထပ်မံကြေညာမည်ဖြစ်ပါသည်။

၆။ **စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းခြင်း**

(က) online မှစာမေးပွဲလျှောက်လွှာတင်သွင်းမှုအောင်မြင်သူသည် မိမိတို့လက်ကိုင်ဖုန်းသို့ လျှောက်လွှာနံပါတ် ပြန်လည် လက်ခံရရှိမည်ဖြစ်ပါသည်။

(ခ) လျှောက်လွှာနံပါတ်အလိုက် စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းရမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ၏ facebook POEA-EPS၊ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန၏ website https// www.mol.gov.mm တို့တွင် ထပ်မံ အသိပေး ကြေညာမည်ဖြစ်ပါသည်၊

(ဂ) စာမေးပွဲမှတ်ပုံတင်ကြေး အမေရိကန်ဒေါ်လာ ၂၄ ဖြစ်ပါသည် (မြန်မာကျပ်ငွေဖြင့်လည်း ပေးသွင်းနိုင်ပါသည်) -

(၁) လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့်ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲမှတ်ပုံတင်ကြေးအား ပြန်လည်ထုတ်ပေးပါမည်၊

(၂) စာမေးပွဲမှတ်ပုံတင်ကြေး ပေးသွင်းသူများသည် Money Changer မှ ဝယ်ယူ၍ ပေးသွင်းနိုင်ပါသည်။

၇။ **စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာမည့်နည်းလမ်း**

(က) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၊

(ခ) ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်/ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK)နှင့် ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ http//www.eps.go.kr, http//epstopik.hrdkorea.or.kr, http// www.hrdkorea.go.kr

(ဂ) စာမေးပွဲသက်တမ်းသည် ကိုရီးယားဘာသာအရည်အချင်းစစ်ဆေးခြင်းနှင့် အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း စာမေးပွဲကျင်းပပြီး အောင်စာရင်း ထုတ်ပြန်ကြေညာသည့်နေ့မှ (၂)နှစ်တာ-
(ကုန်ထုတ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း ၂၂-၁၀-၂၀၂၂ မှ ၂၁-၁၀-၂၀၂၄ ထိ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ၃၀-၁၂-၂၀၂၂ မှ ၂၉-၁၂-၂၀၂၄ ထိ)

၈။ **EPS-TOPIK စာမေးပွဲ မေးခွန်းပုံစံနှင့်အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | ပေးမှတ်ပေါင်း | | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကုန်ထုတ်လုပ်ငန်း | ဆောက်လုပ်ရေးလုပ်ငန်း | | |
| အဖတ်စွမ်းရည် (Reading) | ၂၀ ပုဒ် | ၁၀၀ | ၉၀ | ၂၅ မိနစ် | အကြားစွမ်းရည်နှင့် အဖတ်စွမ်းရည်စာမေးပွဲအား နားချိန်မထားဘဲဆက်တိုက် ဖြေဆိုရမည် |
| အကြားစွမ်းရည် (Listening) | ၂၀ ပုဒ် | | | ၂၅ မိနစ် | |
| **စုစုပေါင်း** | **၄၀ ပုဒ်** | **၁၀၀** | **၉၀** | **၅၀ မိနစ်** | |

**မေးခွန်းပုံစံ - Multiple-Choice question**

၉။ **စာမေးပွဲဖြေဆိုရမည့်အချိန် (Computer Based Test-CBT)**

| ဖြေဆိုရမည့်အချိန် | ရှင်းလင်းဆွေးနွေးချိန် | စာမေးပွဲဖြေဆိုချိန် | |
|---|---|---|---|
| | | အဖတ်စွမ်းရည် (၂၅မိနစ်) | အကြားစွမ်းရည်(၂၅မိနစ်) |
| ပထမအချိန် | ၀၉:၃၀ - ၁၀:၀၀ | ၁၀:၀၀ - ၁၀:၂၅ | ၁၀:၂၅ - ၁၀:၅၀ |
| ဒုတိယအချိန် | ၁၁:၀၀ - ၁၁:၃၀ | ၁၁:၃၀ - ၁၁:၅၅ | ၁၁:၅၅ - ၁၂:၂၀ |
| တတိယအချိန် | ၁၃:၃၀ - ၁၄:၀၀ | ၁၄:၀၀ - ၁၄:၂၅ | ၁၄:၂၅ - ၁၄:၅၀ |
| စတုတ္ထအချိန် | ၁၅:၀၀ - ၁၅:၃၀ | ၁၅:၃၀ - ၁၅:၅၅ | ၁၅:၅၅ - ၁၆:၂၀ |

၁၀။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရန်**

(က) ဖြေဆိုခွင့်ကတ်ပြား
(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သောနိုင်ငံကူးလက်မှတ်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ် (က)၊ (ခ)၊ (ဂ)ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၁၁။ **သတိပြုရန်အချက်များ**

(က) **အရောင်များအားခွဲခြားနိုင်စွမ်းမရှိသူ(Colour Blind) ဖြစ်ခဲ့ပါက EPS-TOPIK စာမေးပွဲ အောင်မြင်သော်လည်း ကျွမ်းကျင်မှုစစ်ဆေးခြင်း (Skills Test) စာမေးပွဲသို့ဖြေဆိုခွင့်မရနိုင်ပါ။ သို့ပါ၍ EPS-TOPIK စာမေးပွဲဖြေဆိုလိုသူသည် လျှောက်လွှာမထုတ်ယူမီ (Colour Blind) ဟုတ်/မဟုတ်၊ မျက်စိရောဂါ ဆရာဝန်(သို့) ကျွမ်းကျင်သူတို့နှင့်စမ်းသပ်မှုပြုလုပ်ပြီး(Colour Blind)မဟုတ်ကြောင်းသေချာမှ လျှောက်လွှာတင်သွင်းစေလိုပါသည်။**

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့် လက်ကိုင်ဖုန်းအပါအဝင် အီလက်ထရောနစ်ပစ္စည်း၊ စက်ပစ္စည်းများအား ယူဆောင်လာခွင့်မရှိပါ။ တင်းကျပ်စွာတားမြစ်ပါသည်။ သို့ပါ၍ ယူဆောင်အသုံးပြုခဲ့ပါက စည်းကမ်းလိုက်နာရန် ပျက်ကွက်သူအဖြစ်သတ်မှတ်၍ အဖြေလွှာအား ပယ်ဖျက်ခြင်းခံရမည်။

(ဂ) ထိုကဲ့သို့ စာမေးပွဲအတွင်းမမှန်ကန်သည့်အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား (၄)နှစ် ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေများအရလည်း အရေးယူခံရနိုင်သည်။

(ဃ) **စာမေးပွဲဖြေဆိုခွင့်လျှောက်ထားရာတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူးလက်မှတ်အမှတ် စသည့်အချက်များသည် နိုင်ငံကူးလက်မှတ်တွင်ပါရှိသော အချက်အလက်များနှင့် တူညီရန် လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အပြီးသတ် အောင်စာရင်းတွင်ပါဝင်ခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့်များ ရရှိမည်မဟုတ်ပါ။ လျှောက်ထားသူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။**

(င) ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းတို့တွင် လျှောက်ထားလိုသူများသည် လုပ်ငန်းသဘာဝအရ အပင်ပန်းခံနိုင်သူများ၊ လုပ်ငန်းရှိရာနေရာများသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သူများ ဖြစ်ရပါမည်။

(စ) မိမိရွေးချယ်လျှောက်ထားခဲ့သည့် လုပ်ငန်းအမျိုးအစားမှလွဲ၍ အခြားလုပ်ငန်းအမျိုးအစား တစ်ခုခုသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(ဆ) **အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့်စနစ်(Recruitment Point System)အရ ကျင်းပပြုလုပ်သည့် စာမေးပွဲများအား မိမိဆန္ဒအလျောက်သာ လျှောက်ထားဖြေဆိုကြပါရန်နှင့် အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့် ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက် အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့် အာမခံနိုင်ခြင်းမရှိပါ။**

(ဇ) အလုပ်ရှင်နှင့်ချုပ်ဆိုရသောအလုပ်အကိုင်စာချုပ်ပါ နှစ်ကာလအတိုင်းလုပ်ကိုင်နိုင်သူ ဖြစ်ရပါမည်။

(ဈ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ ယခင်က ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး ထပ်မံ၍ လိမ်ညာ လျှောက်ထားခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင် ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာသဘောတူညီချက်(MoU)ကို ထိခိုက်လာနိုင်ပြီး ယင်း(MoU)အား ရပ်ဆိုင်းခံရသည့်အခြေအနေမျိုးထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀ဝိ/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ သတ်မှတ်ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ကျပ်သိန်း(၃၀)တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင်စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင် အာမခံကြေးငွေ ဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ်(၁၅)သိန်းကို အာမခံထားသူ (၂)ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

❖ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင်မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သား ခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။

❖ ထို့ပြင်ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့်မှတ်တမ်းရှိခြင်း အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❖ ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန (MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးရန် တရားဝင် လုပ်ပိုင်ခွင့်ရရှိထားပါသည်။

❖ အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမှုစနစ်အရပြုလုပ်သည့် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲနှင့် အခြေခံကျွမ်းကျင်မှု စာမေးပွဲဖြေဆိုအောင်မြင်သူများထဲမှ အောင်စာရင်းတွင်ပါရှိသူများသည် အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှ သတ်မှတ်ကြေညာမည့် နေ့ရက်များအလိုက် အလုပ်လျှောက်လွှာတင်သွင်းကြရန်ဖြစ်ပါသည်။ ထိုသို့အလုပ်လျှောက်လွှာတင်သွင်းခဲ့သူ များထဲမှသာ အလုပ်ရှင်မှ ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

❖ EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

❖ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ မှတ်ပုံတင်ကြေးပေးသွင်း၍ စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးနောက် ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင် သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီးအမြန်ဆုံးထွက်ခွာသွားရောက်နိုင်ရန် ဆက်သွယ်ပေးမည်ဟု တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုမှဖြစ်စေ ယုံကြည်လောက်အောင် ပြောဆိုလျက် ငွေကြေးတောင်းဆိုမှုများ ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိပြုစေလိုပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဆန်စက်အပိုပစ္စည်းစက်ရုံဝင်းရှိ ရော်ဘာကြိတ်လုံးစက်ရုံအပါအဝင် အဆောက်အအုံ ၃ လုံးနှင့် စက်ယူနစ် ၂၂ မျိုးတို့အား ရော်ဘာလုပ်ငန်း အမှန်လုပ်ကိုင်သူများအား (၁)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆို၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်–

(က) **တင်ဒါပုံစံ ရောင်းချမည့်ရက်** – ၁-၇-၂၀၂၂ ရက်မှ ၁၄-၇-၂၀၂၂ ရက်ထိ

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** – ၁၄-၇-၂၀၂၂ ရက်၊ ညနေ( ၁၆:၀၀)နာရီ

(ဂ) **တင်ဒါယှဉ်ပြိုင်ရမည့် ရက်/အချိန်** – ၂၁-၇-၂၀၂၂ ရက်၊ (၁၃:၀၀)နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

(င) **စာရင်းပေးသွင်းရမည့်နေရာ** – ရုံးအမှတ်(၅၂)၊ နေပြည်တော်

(စ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်ရက်/အချိန်/နေရာ** – ၂၁-၇-၂၀၂၂ ရက်၊ ၁၀:၃၀နာရီ ရုံးအမှတ်(၅၂)၊ နေပြည်တော်

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** – စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/ ၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့

(ဇ) **Depositပေးသွင်းနိုင်သည့် ဘဏ်** – တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီး ဖြစ်ပါသည်

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် ဆန်စက်အပိုပစ္စည်းစက်ရုံဝင်းရှိ ရော်ဘာကြိတ်လုံးစက်ရုံအပါအဝင် အဆောက်အဦ(၃)လုံးနှင့် စက်ယူနစ်(၂၂)မျိုးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း ၀၁-၂၅၀၄၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇/နန်းတော်ရာ)၊ ဦးပိုင်အမှတ် (၆၀/ဃ)၊ မြေဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိမြေသည် ဦးသန်းထွန်း၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ခင်ဝင်းမြင့်တို့၏အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ် RP No. 110 of 2004–2005 (30 Years) မြေငှားဂရန်သက်တမ်းမှာ ၃-၁၂-၂၀၀၄ ရက်မှ ၂-၁၂-၂၀၃၄ ရက်အထိ နှစ်(၃၀)ရရှိထားသောမြေဖြစ်ကြောင်း၊ ၁၄-၁၀-၂၀၂၁ ရက်တွင် မြေငှားဂရန် အမည်ပေါက်ပိုင်ကြသူများဖြစ်သည့် ဦးသန်းထွန်း၊ ဒေါ်ခင်အုံးမြင့် တို့မှ ဒေါ်ခင်ဝင်းမြင့်သို့ စွန့်လွှတ်စာတမ်းစာချုပ်ချုပ်ဆိုခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ ဒေါ်ခင်ဝင်းမြင့်မှ ၎င်း၏အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်– ၅၃

ဒေါ်နှင်းဝေ (လျှောက်ထားသူ) **နှင့်** ဦးကျော်နိုင်(ခ) ဦးလီမြင့်ဟွေ (လျှောက်ထားခံရသူ)

မမ-၁၆၊ တိုက်အမှတ်–၁၃၊ အခန်းအမှတ်–၄၀၈၊ မြရည်နန္ဒာမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်နေ အရွယ်မရောက်သေးသူ မောင်ဝေယံမင်းခန့်၊ မထက်အိမ့်သဒ္ဒါမောင်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း မမ-၁၆၊ တိုက်အမှတ်–၁၃၊ အခန်းအမှတ်–၄၀၈၊ မြရည်နန္ဒာမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်နှင်းဝေက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ဝေယံမင်းခန့်၊ မထက်အိမ့်သဒ္ဒါမောင်တို့၏ အုပ်ထိန်းသူဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်/ပစ္စည်း/ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၂ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ကွင်းအမှတ်(၆၀၀)၊ ကျန်တန်းကွင်း၊ တိုးချဲ့ E ရပ်ကွက်ရှိ အကွက်အမှတ် ( ၉၉+၁၄၆+၁၄၇) အရှေ့လားသော်– ဦးကျော်ဆွေ၊ ဦးခင်မောင်အေး၊ ဦးသက်ဝေ၊ ဦးဇော်မင်းထွေးတို့၏ မြေအစပ်၊ အနောက်လားသော် – လမ်းမြေအစပ်၊ တောင်လားသော် – လမ်းမြေအစပ်၊ မြောက်လားသော် – ဒေါ်သန်းဆွေမြေအစပ်၊ နယ်မြေ(၄)ရပ်အတွင်းရှိ အရှေ့အနောက် (၆၀) ပေ၊ တောင်မြောက်ပေ(၁၂၀)အကျယ်အဝန်းရှိ မြေကွက်များအား လက်ရှိနေထိုင်အသုံးပြု လျက်ရှိသူ ဦးချစ်ပြား(ဘ)ဦးစိန်ခို ၅/ငဇန(နိုင်)၀၁၃၂၆၅ထံမှ ဒေါ်ဖြူဖြူလွင် ၉/မရမ(နိုင်)၀၁၃၈၃၃ က အရောင်းအဝယ်ပြုလုပ်ရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်များနှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ဖြူဖြူလွင်(ဘ)ဦးမောင်မောင်** | **ဒေါ်ယဉ်ယဉ်အောင်** |
| **၉/မရမ(နိုင်) ၀၁၃၈၃၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၄၈၁)** |
| **အကွက်(၆၀၅)၊ ချမ်းမြသာစည်/အရှေ့** | **ရွှေဂူမင်းထုပ်ရပ်ကွက်၊ အမရပူရမြို့။** |
| **မန္တလေးမြို့။** | **ဖုန်း–၀၉–၂၅၉၆၃၃၉၀၁** |

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်–၃၀၀)
## ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူနိုင်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၃၀၀) ပုဗ္ဗသီရိမြို့၊ နေပြည်တော်တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်–

**FDA အသိအမှတ်ပြု**

(က) ဆေးဝါးများ

(ခ) ခွဲစိတ်ခွဲခန်းသုံးပစ္စည်းများ

(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ

(ဃ) ဆေးပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်နှင့်အချိန်** – ၁-၇-၂၀၂၂ ရက်၊ (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၁၄-၇-၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်** – ၂၈-၇-၂၀၂၂ ရက်၊ (ကြာသပတေးနေ့)

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်–

**တင်ဒါရွေးချယ်ရေးကော်မတီ**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်–၃၀၀)**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း–၀၆၇–၈၄၃၀၀၉၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသုံးပြုရန်အတွက် လိုအပ်သော လျှပ်စစ်ပုံစံ(၂၀)မျိုးအား Item အလိုက် မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်–

**တင်ဒါပိတ်မည့်ရက်** – ၁၁-၇-၂၀၂၂ ရက်

**တင်ဒါပိတ်မည့်အချိန်** – မွန်းတည့် ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း– ၀၆၇–၈၁၀၄၂၄၄၊ ၀၆၇–၈၁၀၄၂၄၅၊ Fax – ၀၆၇–၈၁၀၄၂၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

၁၇-၆-၂၀၂၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ဒေါ်ခင်မျိုးဦး၏ အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်အမှုသည်များဖြစ်ကြသော မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်၊အကွက်(၂၀)နေ (၁) ဒေါ်ခင်တင့် ၉/မနမ(နိုင်)၀၁၂၈၃၇၊ (၂) ဒေါ်တင်တင်အေး ၉/မနမ(နိုင်)၀၁၂၈၃၈၊ (၃) ဒေါ်ညိုညို ၉/မနမ(နိုင်)၀၁၂၆၈၇၊ (၄) ဒေါ်စန်းစန်းသင်း(ခ)ဒေါ်ချိုချို ၉/မနမ(နိုင်)၀၁၂၆၈၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်အမှုသည်များနှင့် ဒေါ်ခင်မျိုးဦးတို့အကြားတွင် မည်သည့် သဘောတူညီချက်မျှမရှိခဲ့ပါ။ ဦးစံထွန်းနှင့် သဘောတူချုပ်ဆိုခဲ့သော အမရဌာနီအရှေ့ရပ်ကွက်၊ အကွက် (၁၉)၊ ဦးပိုင်အမှတ်(၄၄)မြေကွက်သည် ကျွန်ုပ်အမှုသည်များ မိသားစုအတွင်းဖြစ်ပွားသည့် အမွေစီမံခန့်ခွဲပေးစေလိုမှုတွင် ဦးစံထွန်းမှ ကူညီဆောင်ရွက်ပေးရန် သဘောတူညီရာ၍ အမှုအနိုင်အရှုံးပေါ်သည့်အခါ ဆောင်ရွက်ပေးရန် သဘောတူညီခြင်းဖြစ်ရာ ဖြစ်ပွားသည့်အမှုမှာ မည်သူတစ်စုံတစ်ဦးကိုမျှ မစစ်ဆေးရဘဲ ဆွေမျိုးများအကြား အမှုကျေအေး ရုပ်သိမ်းခြင်းသာဖြစ်သည့်အတွက် ဦးစံထွန်းနှင့် ချုပ်ဆိုခဲ့သည့်စာချုပ်မှာ တစ်စုံတစ်ရာမျှအကျိုးသက်ရောက်မှုမရှိတော့သည့်အတွက် စာချုပ်ပါအတိုင်း ခွဲဝေပေးရန်အကြောင်းမရှိပါ။ အဆိုပါမြေကွက်မှာ ယနေ့တိုင် ဂရန်ပေါက်ခြင်းမရှိသည့် မြေကွက်သာ ဖြစ်ပါသည်။ ဦးပိုင်အမှတ်(၄၂) မြေကွက်သည် ကျွန်ုပ်အမှုသည်များ၏ အမည်ဖြင့် သက်ဆိုင်ရာမှ (၁၀)နှစ်ဂရန်စာချုပ်ဖြင့် နေထိုင်ပိုင်ဆိုင်ခွင့်ချထားပေးသည့် မြေကွက်ဖြစ်ပြီး ကျွန်ုပ်အမှုသည်များ အမည်ပေါက်ပိုင်ဆိုင်၍ စီမံခန့်ခွဲခွင့်ရှိသော မြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်များသည် မိမိတို့ အမည်ပေါက် ပိုင်ဆိုင်သည့် အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၁၉)၊ ဦးပိုင်(၄၂) မြေကွက်အား ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပြီးလည်း ဖြစ်ပါသည်။ ဒေါ်ခင်မျိုးဦးအနေဖြင့် ပိုင်ဆိုင်ပတ်သက်မှုမရှိဘဲ မြေကွက်ရောင်းချခြင်းအား ကန့်ကွက်ပိုင်ခွင့်မရှိသူဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **(၁) ဒေါ်ခင်တင့် ၉/မနမ(နိုင်)၀၁၂၈၃၇** | **ဒေါ်သူဇာဝင်း (LL.B)** |
| **(၂) ဒေါ်တင်တင်အေး ၉/မနမ(နိုင်)၀၁၂၈၃၈** | **တရားလွှတ်တော်ရှေ့နေ** |
| **(၃) ဒေါ်ညိုညို ၉/မနမ (နိုင်)၀၁၂၆၈၇** | **(စဉ်–၈၁၉၈/၂၀၁၂)** |
| **(၄) ဒေါ်စန်းစန်းသင်း(ခ)ဒေါ်ချိုချို ၉/မနမ (နိုင်)၀၁၂၆၈၈** | **ဏ–၃/၈၇၊ မြို့သစ်(၁)၊** |
| | **ချမ်းမြသာစည်မြို့နယ်၊** |
| | **မန္တလေးမြို့၊** |
| | **ဖုန်း–၀၉–၄၀၂၅၀၈၈၅၀၊** |
| | **၀၉–၇၉၆၅၁၅၄၇၇** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း(၁)၊ အင်ကြင်းလမ်း၊ အမှတ်(၃၄၆)ရှိ ခြံမြေ(၄၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးငွေကြိုင် ၁၂/ဥကတ(နိုင်)၁၅၃၄၈၀ထံမှ ကျွန်မ ဒေါ်စန်းယုမော် ၁၂/ဒဂမ(နိုင်)၀၀၉၉၀၅ မှဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်မ ဒေါ်စန်းယုမော်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မစန်းယုမော်**
**ဖုန်း–၀၉–၄၄၅၉၈၉၀၉၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်တွင် လူနေအိမ်ရာအဖြစ် အသုံးပြုရန်အတွက် ဒေါ်ဆုလာဘ်ဝင်းနိုင်နှင့် ဒေါ်ချစ်ပုံပုံစုတို့မှ ၎င်းတို့အမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ စာရွက်စာတမ်း အထောက်အထားများ ခိုင်လုံစွာတင်ပြ၍ ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်–

| စဉ် | လျှောက်ထားသူ၏ အမည် | လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | လျှောက်ထားသည့် ရပ်ကွက်/ ကျေးရွာအုပ်စု | လျှောက်ထားသည့် ဦးပိုင် အမှတ် | လျှောက်ထားသည့် အကွက် အမှတ်/အမည် | မြေဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ဆုလာဘ်ဝင်းနိုင်<br>ဒေါ်ချစ်ပုံပုံစု | ၃/ဘအန(နိုင်)၂၃၅၆၃၇<br>၃/ဘအန(နိုင်)၂၉၅၃၀၀ | အမှတ်(၂)<br>ရပ်ကွက် | ၈၆ | ၅၊ဈေးဟောင်း<br>အကွက် | ၀.၀၅၃<br>ဧက | |

**ကော်လီတွေ်ာအရာရှိ၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့**

## ဒေါ်အိအိမျိုးပိုင်ဆိုင်သည့်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိမျိုး ၁၂/လမန(နိုင်)၁၂၉၈၂၄ သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော(၄၀x၁၁)ပေအကျယ် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဒူးယားလမ်း၊ အမှတ်(၁၀၃၈) ဟုခေါ်တွင်သော ပေ(၄၀x၆၀)အကျယ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်(၁၄)ရပ်ကွက်၊ ရွက်လှလမ်း၊ အမှတ်(၁၁၉)ဟုခေါ်တွင်သော ပေ(၂၀x၆၀)အကျယ် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၃၁-၁၂-၂၀၁၉ရက်မှစ၍ နှစ်ဦးသဘောတူ ပစ္စည်း ခွဲဝေခြင်းကတိစာချုပ်ဖြင့် ခွဲဝေရရှိကာ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်(၃)ကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်အိအိမျိုးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချ ပေါင်နှံခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | | | |
|---|---|---|---|
